၁၈၆။ (ယောနသမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဘိက္ခုနီဟိ သဒ္ဓိံ သံဝိဓာယ ဧကံ နာဝံ အဘိရူဟန္တိ။ ထည့်၊ အနိယမ။) ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘိက္ခုနီဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ တိုင်ပင်ညှိညွတ်၍။ ဧကံ နာဝံ၊ တစ်စင်းတည်းသော လှေကို။ အဘိရူဟန္တိ၊ စီးကုန်၏။ ''မယံ၊ တို့သည်။ သပဇာပတိကာ၊ မယားရှင့်တကွ။ နာဝါယ၊ လှေဖြင့်။ ကီဠာမ ယထေဝ၊ ကစားကုန် သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သကျပုတ္တိယာ၊ ကုန်သော။ သမဏာ၊ တို့သည်။ ဘိက္ခုနီဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ နာဝါယ၊ ဖြင့်။ ကီဠန္တိ၊ ကုန်၏။'' ဣတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကျိုးရှုတ်အယုတ်အားဖြင့်သိစေကုန်၏။ အန္တရာမဂ္ဂေ၊ ၌။ နဒိ၊ ကို။ ဝါ၊ သည်။ တရိတဗ္ဗာ၊ ကူးအပ်သည်။ ဟောတိ၊ ၏။ ပ။ ''မယမ္ပိ၊ တို့သည်လည်း။ အယျေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဥတ္တရိဿာမ၊ ကူးကုန်လအံ့။'' ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ ဘဂိနီ၊ နှမ။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ ၍။ ဧကံ နာဝံ၊ ကို။ အဘိရူဟိတုံ၊ ငှာ။ န ကပ္ပတိ၊ မအပ်။ တုမှေ ဝါ၊ တို့သည်မူလည်း။ ပဌမံ၊ စွာ။ ဥတ္တရထ၊ ကူးကြကုန်လော့။ မယံ ဝါ၊ တို့သည်မူလည်း။ ဥတ္တရိဿာမ၊ ကုန်လအံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) ဘန္တေ၊ တို့။ အယျာ၊ တို့သည်။ အဂ္ဂပုရိသာ၊ ရှေ့သွားဖြစ်သော ယောကျ်ားတို့တည်း။ အယျာဝ၊ တို့သည်သာလျှင်။ ပဌမံ၊ စွာ။ ဥတ္တရန္တု၊ ကုန်လော့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ တိရိယံ၊ ဖီလာကန့်လန့်။ တရဏာယ၊ ကူးသော။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ ၍။ ဧကံ နာဝံ၊ ကို။ အဘိရူဟိတုံ၊ စီးခြင်းငှာ။ အနုဇာနာမိ၊ ၏။

၁၈၈။ ''ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ ၍။ တိရိယံ၊ ဖီလာကန့်လန့်။ တရဏာယ၊ ကူးခြင်းကို။ အညတြ၊ ၍။ ဥဒ္ဓံဂါမိနိံ ဝါ၊ အညာအထက်သို့ ဆန်တက်သည် လည်းဖြစ်သော။ အဓောဂါမိနိံ ဝါ၊ အောက်အကြေသို့စုန်ဆင်း

သည်လည်းဖြစ်သော။ ဇေါ် နာဝံ၊ တစ်စင်းတည်းသောလှေကို။ အဘိရုဟေယျ၊ စီးငြားအံ့။ တသာ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။ ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၁၇၉။ သံဝိဓာယာတိ၊ ကား။ ဘဂိနီ၊ နှမ။ အဘိရုဟာမ၊ ကုန်အံ့။ အယျ၊အရှင်။ အဘိရုဟာမ၊ ကုန်အံ့။ (နှစ်ထပ်လှည့်၍ သမ္ဗန်။) ဘိက္ခုနိယာ၊ သည်။ အဘိရုဠှေ၊ စီးအပ်သည်ရှိသော်။ ဘိက္ခု၊သည်။အဘိရုဟတိ၊၏။ဥဒ္ဓံဂါမိနိန္တိ၊ကား။ဥဇ္ဇဝနိကာယ၊ အထက်သို့ ဆန်တက်သောလှေဖြင့်။ ။အဓောဂါမိနိန္တိ၊ ကား။ ဩဇဝနိကာယ၊ အောက်အကြေသို့ စုန်ဆင်းသော လှေဖြင့်။ (ဇဝနိကာယ၌ ဇု–ဓာတ်၊ ဂတျတ္ထ။)

၁၈၀။ တိရိယံ၊ ဖီလာကန့်လန့်။ တရဏာယ၊ ကူးသောလှေဖြင့်။ ဥတ္တရတိ၊ကူး၏။ (ထည့်။) အသံဝိဒဟိတွာ၊ မတိုင်ပင်မူ၍။ အဘိရုဟန္တိ၊ ကုန်၏။ အနာပတ္တိ၊ မသင့်။

အဋ္ဌမံ၊ သော။ နာဝါဘိရုဟနသိက္ခာပဒံ၊ သည်။
နိဋ္ဌိတံ၊ ပြီ။

## ၉–ပရိပါစိတသိက္ခာပဒ

၁၈၂။ (ယေန သမယေန ဒေဝဒတ္တော ဇာနံ ဘိက္ခုနိပရိ-ပ စိတံ ပိဏ္ဍပါတံ ဘုဉ္ဇတိ။ (ထည့်။ အနိယမ။)။ ထုလ္လနန္ဒာ၊ ထုလ္လနန္ဒာအမည်ရှိသော။ ဘိက္ခုနီ၊သည်။ အညတရဿ၊ သော။ ကုလဿ၊၏။ ကုလူပိကာ၊ဆရာမသည်။ နိစ္စဘတ္တိကာ၊ နိစ္စဘတ်ရှိသည်။ဟောတိ၊၏။တေန စ ဂဟပတိနာ၊ထိုသူကြွယ်သည်လည်း။ ထေရာ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ နိမန္တိကာ၊ ဆွမ်းဖိတ်အပ်ကုန်သည်။ ဟောန္တိ၊၏။ အထ ခေါ၊ ဌ။ထုလ္လနန္ဒာ၊သော။ပ။အဝေါစ၊ ၏။"ဂဟပတိ၊သူကြွယ်။ပဟူတံ၊များစွာသော။ဣဒံ ခါဒနီယံ၊ကို။ ဣဒံ ဘောဇနီယံ၊ ကို။ ကိံ၊ အဘယ်အကျိုးငှာ။ ပဋိယတ္တံ၊ စီရင်အပ်သနည်း။"ဣတိ၊သို့။အဝေါစ၊၏။အယျေ၊ရှင်မ။မယာ၊သည်။ ထေရာ၊ကုန်သော။ ဘိက္ခူ၊တို့ကို။ နိမန္တိတာ၊အပ်ကုန်၏။ ဣတိ၊

ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) ဂဟပတိ၊ သူကြွယ်။ တေ၊ ၏။ ထေရာ၊ တို့သည်။ ကေ ပန၊ အဘယ်သူတို့နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အယျော သာရိပုတ္တော၊ အရှင် သာရိပုတြာ။ မဟာ မောဂ္ဂလာန်, မဟာ ကဿပ, မဟာ ကောဋ္ဌိက, မဟာ ကပ္ပိန, မဟာစုန္ဒ, အနုရုဒ္ဓါ, ရေဝတ, ဥပါလိ, အာနန္ဒာ။ အယျော ရာဟုလော၊ အရှင်ရာဟုလာ။ (တစ်ကျိပ်တစ်ယောက်။) ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) ဂဟပတိ၊ သူကြွယ်၊ တုံ့၊ သည်။ မဟာနာဂေ၊ ရဟန္တာကြီးတို့သည်။ တိဋ္ဌမာနေ၊ တည်ကုန်လျက်၊ **တစ်နည်းကား** မဟာနာဂေ၊ တို့ကို။ တိဋ္ဌမာနေ၊ တည်သည်တို့ကို။ အဒိသွာ၊ မကြည့်မရှုမူ၍။ (ထည့်။) ကိံ၊ အဘယ်ကြောင့်။ စေဋကေ၊ ရဟန်းငယ်တို့ကို။ နိမန္တေသိ ပန၊ ဖိတ်သနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ။(မဟာနာဂေ တိဋ္ဌမာနေတိ ဘုမ္မတ္တ ဥပယောဂဝစနံ၊ မဟာနာဂေသု တိဋ္ဌမာနေသူတိ အတ္ထော၊ အထ ဝါ မဟာနာဂေ တိဋ္ဌမာနေ အဒိသွာတိ အယံ-မေတ္တ ပါဌသေသော ဒဋ္ဌဗ္ဗော- ဟူသော အဋ္ဌကထာကို သတိရှိစေ)။ ။အယျေ၊ ရှင်မ။ တေ၊ ၏။ မဟာနာဂါ၊ တို့သည်။ ကေ ပန၊အဘယ်သူတို့နည်း။ ဣတိ၊ဤသို့။ဝုတ္တေ၊သော်။(ထည့်။) အယျော ဒေဝဒတ္တော၊ အရှင်ဒေဝဒတ်။ ကောကာလိက, ကဋမောဒက တိဿက, ခဏ္ဍဒေဝိယာပုတ္တ။ အယျော သမုဒ္ဒဒတ္တော၊ အရှင်သမုဒ္ဒဒတ်။ (ငါးယောက်။) ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ။(အောက် ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ ကော ဝါ ဒွေ ဝါ တယော ဝါ-ဟူ၍လည်းကောင်း,ကောကာလိကော, ကဋမောဒကတိဿကော, ခဏ္ဍဒေဝိယာ ပုတ္တော သမုဒ္ဒဒတ္တော-ဟူ၍လည်းကောင်း လာသောပါဠိနှင့် ဤသိက္ခာပုဒ်၌လာသော ပါဠိ မညီ၊ အောက်၌ကား ဒေဝဒတ်ကို နုတ်၍ သုံးယောက်သာ ထင်သည်၊ ဤ၌ကား ငင်း၍ကိုနုတ်၍ လေးယောက်ထင်သည်။) ထုလ္လနန္ဒာယ၊ သော။ ဘိက္ခုနိယာ၊ ၏။ အယံ အန္တရကထာ၊ ဤအကြား စကားသည်။ ဝိပ္ပကတာ၊ မပြီး။ (စရတိ-ကား နိပါတ်မျှသာ။) အထ၊ ထိုသို့မပြီးခင်။

ထေရာ ဘိက္ခူ၊ တစ်ကျိပ် တစ်ယောက်သော မထေရ်တို့သည်။ ပဝိသိံသု၊ ဝင်ကုန်၏။ ဂဟပတိ၊ သူကြွယ်။ သစ္စံ၊ မှန်ပေ၏။ မဟာနာဂါ၊ ရဟန္တာကြီးတို့ကိုသာလျှင်။ တယာ၊ သည်။ နိမန္တိ-တာ၊အပ်ကုန်၏။ ဣတိ၊ဤသို့။ ဝုတ္တေ၊သော်။ (ထည့်။) "အယျ၊ ရှင်မ။ ဥဒါနေဝခေါ၊ ၌သာလျှင်။ တုံ၊သည်။ အယျေ၊ တို့ကို။ ဧဝရူပေ၊ ရဟန်းငယ်တို့ကို။ အကာသိ၊ ၏။ ဥဒါနိ၊ ၌။ မဟာနာဂေ၊တို့ကို။ အကာသိ၊၏။" ဣတိ၊ဤသို့။ ဃရတော စ၊ အိမ်မှလည်း။ နိက္ကဍ္ဎိ၊ ငင်ထုတ်၏။ နိဗ္ဗာဟတ္တ၊ ကိုလည်း။ ပန္နိန္ဒိ၊ ဖြတ်၏။ပ။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ရာဇဂဟာ၊ မှ။ နိက္ခမိတွာ၊ ၍။ (ထည့်။) ပဗ္ဗဇိတော၊ ဖြစ်၍။ ဉာတိကုလံ၊ သို့။ အဂမာသိ၊ ၏။ မနုဿာ၊ တို့သည်။ "စိရဿမ္ပိ၊ ကြာမြင့်မှလည်း။ ဘဒန္တော၊ အရှင်ကောင်းသည်။ အာဂတော၊၏။" ဣတိ၊ ဤသို့။ သက္ကစ္စံ၊ရိုသေစွာ။ ဘတ္တံ၊ ကို။ အကံသု၊ ကုန်၏။ တဿ ကုလဿ၊ ၏။ ကုလူပိကာ၊ သော။ ဘိက္ခုနီ၊ သည်။ တေ မနုဿေ၊ တို့ကို။ "အာဝုသော၊တို့။အယျဿ၊အား။ဘတ္တံ၊ကို။ဒေထ၊ကုန်လော့။" ဣတိ၊ဤသို့။ တော် ဝစနံ၊ကို။ အဝေါစ၊ ၏။ အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ "ဘဂဝတာ၊ သည်။ ဇာနံ၊ သိလျက်။ ဘိက္ခုနိ-ပရိပါစိတံ၊ ဘိက္ခုနီမစီရင်သော။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိတုံ၊ ငှာ။ ပဋိက္ခိတ္တံ၊ အပ်၏။" ဣတိ၊ ဤသို့။ ကုက္ကုစ္စာယန္တော၊ ၍။ န ပဋိဂ္ဂ-ဟေသိ၊ မခံ။ ပိဏ္ဍာယ၊ ငှာ။ စရိတုံ၊ ငှာ။ နာသက္ခိ၊ မတတ်နိုင်။ ဆိန္နဘတ္တော၊ ပြတ်သောဆွမ်းရှိသည်။ အဟောသိ၊ ပြီ။ပ။ ။ ဘိက္ခဝေ၊ တို့။ ပုဗ္ဗေ၊ ၌။ ဂိဟိသမာရမ္ဘေ၊ လူတို့စီရင်အပ်သည် ရှိသော်။ ဇာနံ၊လျက်။ ဘိက္ခုနီပရိပါစိတံ၊အပ်သော။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။

၁၉၄။ "ယော ပန ဘိက္ခု၊သည်။ ပုဗ္ဗေ၊၌။ ဂိဟိသမာရမ္ဘာ၊ လူတို့စီရင်အပ်သော ဆွမ်းကို။ အညတြ၊ ၍။ ဘိက္ခုနီပရိပါစိတံ၊ သော။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇေယျ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊သင့်၏။" ဣတိ၊ဤသို့။ ဥဒ္ဒိသေယျာထ စ၊ကုန်။

၁၉၅။ ပရိပါစေတိ နာမ၊ ကား။ ပုဗ္ဗေ၊ ၌။ အဒါတုကာမာနံ၊ လှူခြင်းငှာအလိုမရှိကုန်သော။ အကတ္တုကာမာနံ၊ ပြုခြင်းငှာအလို မရှိကုန်သောသူတို့အား။ အယျော၊ အရှင်သည်။ ဘာဏကော၊ နိကာယ်ငါးပါးကိုဆောင်၏။ ဗဟုဿုတော၊ များသောအကြား အမြင်ရှိ၏။ သုတ္တန္တိကော၊ သုတ္တန်ကို ဆောင်၏။ ဝိနယဓရော၊ ဝိနည်းကိုဆောင်၏။ ဓမ္မကထိကော၊ တရားစကား ပြောဟော တတ်၏။ အယျဿ၊ အား။ ဒေထ၊ ကုန်လော့။ အယျဿ၊ အား။ ကရောထ၊ ကုန်လော့။ ဣတိ၊ ဤသို့။ ပရိပါစေတိ၊ ၏။ သော၊ ဤ သည်ကား။ ပရိပါစေတိ နာမ၊ စီရင်သည်မည်၏။ ။ဂိဟိသမာ- ရမ္ဘော နာမ၊ ကား။ ဉာတကာ ဝါ၊ တို့သည်လည်း။ ဟောန္တိ၊ ကုန် ၏။ ပဝါရိတာ ဝါ၊ ဖိတ်မန်သောသူတို့သည်လည်းကောင်း။ ပကတိ ပဋိယတ္တာ ဝါ၊ ပကတိ စီရင်သောသူတို့သည် လည်းကောင်း။ ဟောန္တိ၊ ကုန်၏။ ။ပုဗ္ဗေ၊ ၌။ ဂိဟိသမာရမ္ဘာ၊ လူတို့စီရင်အပ် သည်ကို။ အညတြ၊ ၍။ ဘိက္ခုနီယာ၊ ပရိပါစိတံ၊ ဣတိ၊ သို့။ ပဋိဂ္ဂဏှာတိ၊ ၏။ ။အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊ မျိုတိုင်း မျိုတိုင်း။ ။ ဧကတောဥပသမ္ပန္နာယ၊ တစ်ဦးသောသံဃာ၏ အထံ၌ ပဉ္စင်းခံ သော ဘိက္ခုနီမသည်။ ပရိပါစိတံ၊ စီရင်အပ်သည်ကို။

၁၉၇။ ပုဗ္ဗေ၊ ၌။ ဂိဟိသမာရမ္ဘေ၊ လူတို့ စီရင်အပ်သော ဆွမ်း၌။ အနာပတ္တိ၊ မသင့်။ သိက္ခမာနာ၊ သည်။ ပရိပါစေတိ၊ ၏။ သာမဏေရီ၊ သည်။ ပရိပါစေတိ၊ ၏။ ပဉ္စဘောဇနာနိ၊ တို့ကို။ ဌပေတွာ၊ ၍။ သဗ္ဗတ္ထ၊ အလုံးစုံသောခဲဖွယ်တို့၌။ အနာပတ္တိ၊ မသင့်။

နဝမံ၊ သော။ ပရိပါစိတ သိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

### ၁၀—ရဟောနိသဇ္ဇသိက္ခာပဒ

၁၉၈။ (ယေန သမယေန အာယသ္မာ ဥဒါယီ ဘိက္ခုနိယာ သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေတိ။ ထည့်၊ အနိယမ။) အာယသ္မာ ဥဒါယီ၊ သည်။ တဿာ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ တစ်ယောက်သည် တစ်ယောက် ချင်း။ ရဟော၊ ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေသိ၊ ပြု၏။ ပ။

၁၉၉။ ''ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုနိယော၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ တစ်ယောက်သည် တစ်ယောက်ချင်း။ ရဟော၊ နား,မျက်စိ·ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ နေခြင်းကို။ ကပ္ပေယျ၊ ပြုအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။ (အနိယတသိက္ခာပုဒ်၌ အနက်ပေးပြီးဖြစ်၍ သိသာလှပြီ။)

၂၀၂။ ယော ကောစိ၊ အမှတ်မရှိသော။ ဝိညူ၊ သိ, ကြားလိမ္မာသောသူသည်။ ဒုတိယော၊ အဖော်သည်။ ဟောတိ၊ ၏။ တိဋ္ဌတိ၊ ရပ်သာရပ်၏။ န နိသီဒတိ၊ မထိုင်။ အရဟောပေက္ခော၊ ဆိတ်ကွယ်ခြင်းကို မငဲ့သည်ဖြစ်၍။ အညဝိဟိတော၊ တစ်ပါးကို နှလုံးသွင်းသည်ဖြစ်၍။ နိသီဒတိ၊ ထိုင်၏။ အနာပတ္တိ၊ မသင့်။

ဒသမံ၊ သော။ ရဟောနိသဇ္ဇသိက္ခာပဒံ၊ သည်။

နိဋ္ဌိတံ၊ ပြီ။

တတိယော၊ သော။ ဩဝါဒဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီ။

တဿ၊ ထိုဩဝါဒဝဂ်၏။ ဥဒ္ဒါနံ၊ ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗံ၊ အပ်၏။ အသမ္မတာ၊ သမ္မုတိမရသော ဘိက္ခုနီမတို့ကို ဆုံးမသော သိက္ခာပုဒ်။ အတ္ထင်္ဂတာ၊ နေဝင်မှဆုံးမသော သိက္ခာပုဒ်။ ဥပဿယံ၊ ဘိက္ခုနီမတို့၏ ကျောင်းသို့သွား၍ ဆုံးမသောသိက္ခာပုဒ်။ အာမိသံ၊ အာမိသကြောင့် ဆုံးမ၏ဟု ဆိုသောသိက္ခာပုဒ်။ ဒါနေန၊ ဘိက္ခုနီမအား သင်္ကန်းပေးသော သိက္ခာပုဒ်။ သိဗ္ဗတိ၊ ဘိက္ခုနီမ သင်္ကန်းကို ချုပ်သော သိက္ခာပုဒ်။ အဒ္ဓါနံ၊ ဘိက္ခုနီမနှင့် တိုင်ပင်ညီညွတ်၍ ခရီးသွားသောသိက္ခာပုဒ်။ နာဝံ၊ တိုင်ပင်ညီညွတ်၍ လှေစီးသော သိက္ခာပုဒ်။ ဘုဉ္ဇေယျ၊ ဘိက္ခုနီမ စီရင်သော ဆွမ်းကို စားသော သိက္ခာပုဒ်။ ဧကော ဧကာယ၊ တစ်ယောက်ချင်းနေသော သိက္ခာပုဒ်။ တေ၊ ထိုသိက္ခာပုဒ်တို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။

## ၄-ဘောဇနဝဂ်

### ၁-အာဝသထပိဏ္ဍသိက္ခာပဒ

၂၀၃။ (ယေန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ အနုဝသိတွာ အာဝသထပိဏ္ဍံ ဘုဉ္ဇန္တိ။ ထည့်၊ အနိယမ။) သာဝတ္ထိယာ၊ ၏။ အဝိဒူရေ၊ အနီး၌။ အညတရဿ၊ သော။ ပူဂဿ၊ အပေါင်း၏။ အာဝသထပိဏ္ဍော၊ ဧည့်သည်တို့ တည်းခိုရာဇရပ်၌ ဆွမ်းကို။ ပညတ္တော၊ အမြဲဝတ်တည် အပ်သည်။ ဟောတိ၊ ၏။ ဆဗ္ဗဂ္ဂိယာ၊ တို့သည်။ပ။ အလဘမာနာ၊ မရကုန်သည်ရှိသော်။ အာဝသထံ၊ သို့။ အဂမံသု၊ ကုန်၏။ မနုဿာ၊ တို့သည်။ "စိရဿမ္ပိ၊ မှလည်း။ ဘဒန္တာ၊ တို့သည်။ အာဂတာ၊ ကုန်၏။" ဣတိ၊ ဤသို့။ တေ၊ ထို လူတို့သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ပရိဝိသိံသု၊ လုပ်ကျွေးကုန်၏။ အထ ခေါ၊၌။ပ။ ဘုဉ္ဇိံသု၊ ကုန်၏။ အထ ခေါ၊၌။ပ။ အဟောသိ၊ ပြီ။ "မယံ၊ တို့သည်။ အာရာမံ၊ သို့။ ဂန္တွာ၊ ၍။ ကိံ ကရိဿာမ၊ အဘယ် ပြုကုန်တော့ အံ့နည်း။ ဟိယျောပိ၊ နက်ဖြန်လည်း။ ဣဓေဝ၊ ဤဇရပ်သို့သာလျှင်။ အာဂန္တဗ္ဗံ၊ လာအပ်သည်။ ဘဝိဿတိ၊ လတ္တံ့။" ဣတိ၊ ဤသို့။ အဟောသိ၊ ပြီ။ ဣတိ၊ သို့။ တတ္ထေဝ၊ ထို ဇရပ်၌သာလျှင်။ အနုဝသိတွာ၊ နေ့တိုင်း နေ့တိုင်း နေ၍။ အာဝသထပိဏ္ဍံ၊ ဧည့်သည်တို့၏ တည်းခိုစရာဇရပ်၌ ဝတ်တည် အပ်သောဆွမ်းကို။ ဘုဉ္ဇန္တိ၊ ကုန်၏။ (ဤတွင် အချို့စာ၌ အနု-ဝသိတွာ အနုဝသိတွာ ဟု နှစ်ထပ်ရှိ၏။ အနု-သဒ္ဒါကပင် ဝိစ္ဆာ အနက်ကို ထွန်းသည်ဖြစ်သောကြောင့် နှစ်ထပ်မလို။) တိတ္ထိယာ၊ တို့သည်။ အပသက္ကန္တိ၊ ဆုတ်ခွာဖဲရှားသွားကုန်၏။ "ဣမေသံ ဧဝ၊ ဤရဟန်းတို့အားသာလျှင်။ အာဝသထပိဏ္ဍော၊ ကို။ ပညတ္တော၊ ဝတ်တည်အပ်သည်။ နု၊ မဟုတ်။ သဗ္ဗေသံ ဧဝ၊ ခပ်သိမ်းသော သူတို့အားသာလျှင်။ အာဝသထပိဏ္ဍော၊ ကို။ ပညတ္တော၊ အပ်၏။" ဣတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ (ပြန်။) မနုဿာ၊ တို့သည်။ "စိရဿမ္ပိ၊ မှလည်း။ ထေရာ၊ သည်။ အာဂတော၊ ၏။" ဣတိ၊ ဤသို့။ သက္ကစ္စံ၊ စွာ။ ပရိဝိသိံသု။

ကုန်၏။ အထ ခေါ၊ ၌။ ဘုတ္တာဝိဿ၊ ဆွမ်းစားပြီးသော။ အာ-
ယသ္မတော သာရိပုတ္တဿ၊ အား။ ခရော၊ကြမ်းသော။ အာဗာ-
ဓော၊ အနာသည်။ ဥပ္ပဇ္ဇိ၊ ၏။ တမှာ အာဝသထာ၊ ထိုဇရပ်မှ။
ပက္ကမိတုံ၊ ဖဲခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ပ။ ဆိန္နဘတ္တော၊
ပြတ်သောဆွမ်းရှိသည်။ အဟောသိ၊ ပြီ။ပ။ ဘိက္ခဝေ၊ တို့။
ဂိလာနေန၊ သော။ ဘိက္ခုနာ၊ သည်။ အနုဝသိတွာ၊ နေ့တိုင်း
နေ့တိုင်းနေ၍။အာဝသထပိဏ္ဍော၊ကို။ ဘုဉ္ဇိတုံ၊ငှာ။အနုဇာနာမိ၊၏။

၂၀၅။ "အဂိလာနေန၊မနာသော။ ဘိက္ခုနာ၊သည်။ဧကော၊
တစ်ခုသော။အာဝသထပိဏ္ဍော၊ဩ္ဒသည့်တိုတည်းနိုစရာဇရပ်၌
ဝတ်တည်အပ်သောဆွမ်းကို။ ဘုဉ္ဇိတဗ္ဗော၊ အပ်၏။ တတော၊ ထို
တစ်ကြိမ်ထက်။ ဥတ္တရိ၊အလွန်။ စေ ဘုဉ္ဇေယျ၊အကယ်၍စားငြား
အံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။" ဣတိ၊ ဤသို့။
ဥဒ္ဒိသေယျာထ၊ ကုန်။

၂၀၆။ အဂိလာနော နာမ၊ ကား။ တမှာ အာဝသထာ၊ ထို
ဇရပ်မှ။ ပက္ကမိတုံ၊ ဖဲခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ။အဂိ-
လာနော နာမ၊ ကား။ တမှာ အာဝသထာ၊ မှ။ ပက္ကမိတုံ၊ ငှာ။
န သက္ကောတိ၊ နိုင်။ ။အာဝသထပိဏ္ဍော နာမ၊ ကား။ [illegible]
ဘောဇနာနံ၊ တို့တွင်။ အညတရံ၊ သော။ ဘောဇနံ၊ ကို။ သာ
လာယ ဝါ၊ဇရပ်၌လည်းကောင်း။မဏ္ဍပေ ဝါ၊၌လည်းကောင်း။
ရုက္ခမူလေ ဝါ၊ ၌လည်းကောင်း။ အဗ္ဘောကာသေ ဝါ၊ ၌လည်း
ကောင်း။ အနောဒိဿ၊မရည်မူ၍။ ယာဝဒတ္ထော၊အလိုရှိတိုင်း၊
ပညတ္တော၊ တည်အပ်သည်။ ဟောတိ၊ ၏။ ဂိလာနေန၊ သော။
ဘိက္ခုနာ၊ သည်။ သကိံ၊ တစ်ကြိမ်။ ဘုဉ္ဇိတဗ္ဗော၊ အပ်၏။

၂၀၈။ အဂိလာနဿ၊အား။အနာပတ္တိ၊မသင့်။အဂိလာနော၊
သည်။သကိံ၊တစ်ကြိမ်။ ဘုဉ္ဇတိ၊၏။ ဂစ္ဆန္တော ဝါ၊ သွားသည်ဖြစ်
၍လည်းကောင်း။ အာဂစ္ဆန္တော ဝါ၊၍လည်းကောင်း။ ဘုဉ္ဇတိ၊၏။
သာမိကာ၊ ဥစ္စာရှင်တို့သည်။ နိမန္တေတွာ၊ ၍။ ဘောဇေန္တိ၊

စေကုန်၏။ ဩဒိဿ၊ ၍။ ပညတ္တော၊ သည်။ ဟောတိ၊ ၏။ ယာဝဒတ္ထော၊ တိုင်။ ပညတ္တော၊ သည်။ န ဟောတိ၊ မဖြစ်။ အနာပတ္တိ၊ မသင့်။

ပဌမံ၊ သော။ အာဝသထပိဏ္ဍသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၂—ဂဏဘောဇနသိက္ခာပဒ

၂၀၉။ (ယေန သမယေန ဒေဝဒတ္တော သပရိသော ကုလေသု ဝိညာပေတွာ ဝိညာပေတွာ ဘုဉ္ဇတိ။ ထည့်၊ အနိယမ။) ဒေဝဒတ္တော၊ သည်။ ပရိဟီနလာဘသက္ကာရော၊ ယုတ်သော လာဘသက္ကာရရှိသည်ဖြစ်၍။ သပရိသော၊ ပရိသတ်နှင့်တကွ။ ကုလေသု၊ တကာတို့၌။ ဝိညာပေတွာ ဝိညာပေတွာ၊ တောင်း၍တောင်း၍။ ဘုဉ္ဇတိ၊ ၏။ "ကဿ၊ အဘယ်သူအား။ သည်။ သမ္ပန္နံ၊ ချိုမြိန်သော အရသာကို။ န မနာပံ၊ မနှစ်သက်အပ်သနည်း။ ကဿ၊ အား။ သည်။ သာဒုံ၊ သာယာအပ်သောအရသာကို။ န ရုစ္စတိ၊ မနှစ်သက်အပ်သနည်း။" ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ (ပညတ်စုံမှ သိက္ခာပုဒ်၏ အနက်ကို ရေးမည်။)။ ။ဂိလာနေ၊ နာကုန်သော။ ဘိက္ခူ၊ တို့ကို။ ဘတ္တေန၊ ထမင်းဖြင့်။ နိမန္တေန္တိ၊ ဖိတ်ကုန်၏။ ဘိက္ခူ၊ တို့သည်။ "ဘဂဝတာ၊ သည်။ ဂဏဘောဇနံ၊ ဂဏဘောဇဉ်ကို။ ပဋိက္ခိတ္တံ၊ အပ်၏။" ဣတိ၊ သို့။ ကုက္ကုစ္စာယန္တာ၊ ကုန်သည်ဖြစ်၍။ နာဓိဝါသေန္တိ၊ မသာယာကုန်။ ။ဘိက္ခဝေ၊ တို့။ ဂိလာနေန၊ သော။ ဘိက္ခုနာ၊ သည်။ ဂဏဘောဇနံ၊ ကို။ ဘုဉ္ဇိတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။ ။စီဝရဒါနသမယေ၊ သင်္ကန်းလှူသောအခါ၌။ သစီဝရဘတ္တံ၊ သင်္ကန်းနှင့်တကွသော ဆွမ်းကို။ ပဋိယာဒေတွာ၊ စီရင်၍။ "ဘောဇေတွာ၊ ၍။ စီဝရေန၊ ဖြင့်။ အစ္ဆာဒေဿာမ၊ ကုန်လအံ့။" ဣတိ၊ ဤသို့။ ဘိက္ခူ၊ တို့ကို။ နိမန္တေန္တိ၊ ကုန်၏။ ။စီဝရံ၊ သည်။ ပရိတ္တံ၊ အနည်းငယ်။ ဥပ္ပဇ္ဇတိ၊ ၏။ စီဝရကာရကေ၊ သင်္ကန်းချုပ်ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဘတ္တေန၊ ဖြင့်။ နိမန္တေန္တိ၊ ကုန်၏။ ။ဘိက္ခူ၊ တို့သည်။ မနုဿေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ အဒ္ဓါနံ၊ ခရီးကို။ ဂစ္ဆန္တိ၊ ကုန်၏။ ။ဘန္တေ၊ တို့။ ဣဓေဝ

ဤအရပ်၌သာ လျှင်။ ဘုဉ္ဇထ၊ ကုန်လော့။ ဣတိ၊ ဤသို့ ဒဒါတိသု၊ ကုန်၏။ ။ဘိက္ခူ၊ တို့သည်။ မနုဿေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တွ။ နာဝေါယ၊ ဖြင့်။ ဂန္တွာ၊ ကုန်၏။ ပ။ ''အာဝုသော၊ ဒါယကာတို့။ မှုဟုတ္တံ၊ တမှုဟုတ်။ တိရံ၊ ကမ်းသို့။ ဥပနေထ၊ ဆိုက်ကုန်လော့။ ပိဏ္ဍာယ၊ ငှာ။ စရိဿာမ၊ လှည့်လည်ကုန်အံ့။'' ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ။ဒိသာသု၊ အရပ်လေးမျက်နှာ ,ရှစ်မျက်နှာတို့၌။ ဝဿံ-ဝုဋ္ဌာ၊ ဝါကျွတ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ရာဇဂဟံ၊ သို့။ ဘဂဝန္တံ၊ ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှာ။ အာဂစ္ဆန္တိ၊ ကုန်၏။ မနုဿာ၊ တို့သည်။ နာနာဝေရဇ္ဇကေ၊ အထူးထူးသောပြည်၌ နေကုန်သော။ ဘိက္ခူ၊ တို့ကို။ ပဿိတွာ၊ ကုန်၍။ ဘဏ္ဍေန၊ ဖြင့်။ နိမန္တေန္တိ၊ ကုန်၏။ ပ။ ဘိက္ခဝေ၊ တို့။ မဟာသမယေ၊ များစွာသော ရဟန်းတို့ စည်းဝေးသောအခါ၌။ ။ဉာတိသာလောဟိတော၊ အဆွေအသားစပ်သော ဆွေမျိုးသည်။ အာဇီဝကေသု၊ အာဇီဝကတို့၌။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ ဟောတိ၊ ၏။ ပ။ ''မဟာရာဇ၊ မင်းမြတ်။ အဟံ၊ သည်။ သဗ္ဗပါသဏ္ဍိကံ၊ အလုံးစုံ ပါသဏ္ဍ အယူရှိသော သူတို့အား ဖြစ်စေအပ်သော။ ဘတ္တံ၊ဆွမ်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဣစ္ဆာမိ၊ ၏။'' ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဘန္တေ၊ အရှင်။ တ္ဝံ၊ သည်။ ဗုဒ္ဓပ္ပမုခံ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ ကို။ ပဋ္ဌမံ၊ စွာ။ သစေ ဘောဇေယျာသိ၊ အကယ်၍ ကျွေးမွေးသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ ကျွေးမွေးသည်ရှိ သော်။ ဧဝံ၊ ဤသင်ဆိုတိုင်း။ ကရေယျာမိ၊ လိုက်နာအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ၌။ သော အာဇီဝကော၊ သည်။ ဘိက္ခူနံ၊ တို့၏။ သန္တိကေ၊ အထံသို့။ ဒူတံ၊ တမန်ကို။ ''ဘိက္ခူ၊ တို့သည်။ မေ၊ ၏။ သွာတနာယ၊ နက်ဖြန် ဖြစ်လတ္တံ့သော ကောင်းမှုအကျိုးငှာ။ ဘတ္တံ၊ ကို။ အဓိဝါသေန္တု၊ သာယာကုန်လော့။'' ဣတိ၊ ဤသို့။ ပါဟေသိ၊ စေ၏။ ။ဘဝမ္ပိ ဂေါတမော၊ အရှင်ဂေါတမသည်လည်း။ ပဗ္ဗဇိတော၊ ရဟန်းတည်း။ အဟမ္ပိ၊ သည်လည်း။ ပဗ္ဗဇိတော၊ တည်း။ ပဗ္ဗဇိတော၊ သည်။ ပဗ္ဗဇိတဿ၊ ၏။ ပိဏ္ဍံ၊ ကို။ ပဋိဂ္ဂဟေတုံ၊ ငှာ။ အရဟတိ၊ ထိုက်၏။ ပ။

၂၀၇။ ''သမယော၊ အခါကို။ အညတြ၊ ၍။ ဂဏဘောဇနေ၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့်။ ပါစိတ္တိယံ၊ သင့်၏။ တတ္ထ၊ ထို ဂဏဘောဇဉ်ကို စားရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမယော၊ တည်း။ ဂိလာနသမယော၊ နာသောအခါ။ စီဝရ-ဒါနသမယော၊ သင်္ကန်းလှူသောအခါ။ စီဝရကာရသမယော၊ သင်္ကန်းချုပ်သော အခါ။ အဒ္ဓါနဂမနသမယော၊ ခရီးသွားသော အခါ။ နာဝါဘိရုဟနသမယော၊ လှေစီးသော အခါ။ မဟာသမယော၊ များစွာသောရဟန်းတို့ စည်းဝေးသောအခါ။ သမဏဘတ္တသမယော၊ ရဟန်းတို့ ဆွမ်းလှူသောအခါ။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ထို ဂဏဘောဇဉ်ကို စားရာ၌။ သမယော၊ တည်း။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၀၈။ ဂဏဘောဇနံ နာမ၊ ကား။ ယတ္ထ၊ အကြင်အရပ်၌။ စတ္တာရော၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ပဉ္စန္နံ ဘောဇနာနံ၊ တို့တွင်။ အညတရေန၊ သော။ ဘောဇနေန၊ ဖြင့်။ နိမန္တိတာ၊ ဖိတ်အပ်ကုန်သည်ဖြစ်၍။ ဘုဉ္ဇန္တိ၊ ကုန်၏။ တတ္ထ၊ ထိုအရပ်၌။ (ထည့်။) ဧတံ ဘောဇနံ၊ သည်။ ဂဏဘောဇနံ နာမ၊ မည်၏။ ။ဂိလာနသမယော နာမ၊ ကား။ အန္တမသော၊ အားဖြင့်။ ပါဒါပိ၊ ခြေတို့သည်လည်း။ ဖာလိတာ၊ ကွဲကုန်သည်။ ဟောန္တိ၊ ကုန်၏။ ''ဂိလာနသမယောတိ၊ နာသောအခါဟူ၍။'' ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ။စီဝရဒါနသမယော နာမ၊ ကား။ ကထိနေ၊ သည်။ အနတ္ထတေ၊ သော်။ ဝဿာနဿ၊ ၏။ ပစ္ဆိမော၊ သော။ မာသော၊ လည်းကောင်း။ ကထိနေ၊ သည်။ အတ္ထတေ၊ သော်။ ပဉ္စမာသာ၊ တို့လည်းကောင်း။ ''စီဝရဒါနသမယောတိ၊ ဟူ၍။'' ဘုဉ္ဇိတဗ္ဗံ၊ ၏။ ။စီဝရကာရသမယော နာမ၊ ကား။ စီဝရေ၊ ကို။ ကယိရမာနေ၊ သော် ''စီဝရကာရသမယောတိ၊ ဟူ၍။'' ဘုဉ္ဇိတဗ္ဗံ၊ ၏။ ။အဒ္ဓါနဂမနသမယော နာမ၊ ကား။ အဒ္ဓယောဇနံ၊ ယူဇနာဝက်သို့။ ဂစ္ဆိဿာမိ၊ လအံ့။ ဣတိ၊ သို့။ ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ဂစ္ဆန္တေန၊ သွားဆဲသော ရဟန်းသည်။ ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ဂတေန၊ သွားပြီးသော ရဟန်းသည်။ ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ။နာဝါဘိရုဟနသမယော နာမ၊

ကာ၊ နာဝံ၊ ကို။ အဘိရုဟိတွာ၊ တက်စီး၍။ ဣတိ၊ သို့။ ဘုဉ္ဇိ-တဗ္ဗံ၊ အပ်၏။ အာရုဠှေန၊ စီးဆဲသောရဟန်းသည်။ ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ဩရုဠှေန၊ လှေမှဆင်းသော ရဟန်းသည်။ ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ။မဟာသမယော နာမ၊ကား။ယဏ္ဍ၊အကြင်အရပ်၌။ ဒွေတယော၊နှစ်ယောက်သုံးယောက်ကုန်သော။ဘိက္ခူ၊တို့သည်။ ပိဏ္ဍာယ၊ငှာ။ စရိတွာ၊ လှည့်လည်၍။ ယာပေန္တိ၊ ကုန်၏။ စတုတ္ထေ၊ လေးယောက်မြောက်သောရဟန်းသည်။ အာဂတေ၊ လာသည်ရှိသော်။ န ယာပေန္တိ၊ မမျှကုန်။ တတ္ထ၊ ထိုအရပ်၌။ (ထည့်။) ''မဟာသမယောတိ၊ ဟူ၍။'' ဘုဉ္ဇိတဗ္ဗံ၊ အပ်၏။ ။ သမဏဘတ္တသမယော နာမ၊ ကား။ ပရိဗ္ဗာဇကသမာပန္နော၊ သော။ ယောကောစိ၊ သည်။ ဘတ္တံ၊ ကို။ ကရောတိ၊ ၏။ ''သမဏဘတ္တ သမယောတိ၊ ဟူ၍။'' ဘုဉ္ဇိတဗ္ဗံ၊ ၏။

၂၂၀။ သမယေ၊ ၌။ ဘုဉ္ဇတိ၊ ၏။ (ထည့်။) ဒွေ တယော၊ တို့သည်။ ဧကတော၊ နက်။ ဘုဉ္ဇန္တိ၊ ကုန်၏။ ပိဏ္ဍာယ၊ ငှာ။ စရိတွာ၊ ၍။ ဧကတော၊ နက်။ သန္နိပတိတွာ၊ ၍။ ဘုဉ္ဇန္တိ၊ကုန်၏။ နိစ္စဘတ္တံ၊ ကို။ သလာကဘတ္တံ၊ ကို။ ပက္ခိကံ၊ ကို။ ဥပေါသထိကံ၊ ကို။ ပါဋိပဒိကံ၊ ကို။ ဘုဉ္ဇတိ၊ ၏။ ပဉ္စ ဘောဇနာနိ၊ တို့ကို။ ဌပေတွာ၊ ၍။ သဗ္ဗတ္ထ၊ ၌။ အနာပတ္တိ၊ မသင့်။

ဒုတိယံ၊ သော။ ဂဏဘောဇနသိက္ခာပဒံ၊ သည်။

နိဋ္ဌိတံ၊ ပြီ။

## ၃–ပရမ္ပရဘောဇနသိက္ခာပဒ

၂၂၁။ (ယေန သမယေန ဘိက္ခူ အညတြ နိမန္တိတာ အညတြ ဘုဉ္ဇန္တိ။ ထည့်၊ အနိယမ။) ဝေသာလိယံ၊ ၌။ ပဏီ-တာနံ၊ မြတ်ကုန်သော။ ဘတ္တာနံ၊ တို့၏။ ဘတ္တပဋိပါဋိ၊ ဘတ်အစဉ်ကို။ အဓိဋ္ဌိတာ၊ ဆောက်တည်အပ်သည်။ ဟောတိ၊ ၏။

အထ ခေါ၊ ဉ္ဇိ။ အညတရဿ၊ သော၊ ဒလိဒ္ဒဿ၊ သူဆင်းရဲ
ဖြစ်သော။ ကမ္မကာရဿ၊ အမှုလုပ်အား။ ဧတဒဟောသိ၊ ပြီ။
"ယထာ-ယေန နိယာမေန၊ အကြင်သို့သောအမှတ်ဖြင့်။ ဣမေ
မနုဿာ၊ တို့သည်။ သက္ကစ္စံ၊ စွာ။ ဘတ္တံ၊ ကို။ ကရောန္တိ၊ ကုန်၏။
တထာ၊ ထိုအမှတ်ဖြင့်။ (ထည့်။) ဣဒံ၊ ဤရိုသေစွာဆွမ်းကိုပြုခြင်း
သည်။ သြရကံ၊ ယုတ်သည်။ န ဘဝိဿတိ၊ လတ္တံ့။ အဟမ္ပိ၊ သည်
လည်း။ ဘတ္တံ၊ ကို။ ကရေယျံ၊ ပြုရမူကား။ ယံ နူန၊ ကောင်းလိမ့်
မည်။" ဣတိ၊ ဤသို့။ ဧတဒဟောသိ၊ ပြီ။ အထ ခေါ၊ ဉ္ဇိ။ ပ။ တံ
ကိရပတိကံ၊ ထိုကိရပတိက-အမည်ရှိသောသူကို။ ဧတံ ဝစနံ၊ ကို။
အဝေါစ၊ ၏။ "အယျပုတ္တ၊ အရှင့်သား။ အဟံ၊ သည်။ ဗုဒ္ဓပ္ပမုခဿ၊
သော။ ဘိက္ခုသံဃဿ၊ အား။ ဘတ္တံ၊ ကို။ ကာတုံ၊ ငှာ။ ဣစ္ဆာမိ၊ ၏။
မေ၊ အား။ ဝေတနံ၊ အခရိက္ခာကို။ ဒေဟိ၊ လော့။" ဣတိ၊ ဤသို့။
အဝေါစ၊ ၏။ သောပိ ခေါ ကိရပတိကော၊ ထို ကိရပတိက
အမည်ရှိသောသူသည်လည်း။ သဒ္ဓေါ၊ ယုံကြည်သည်။ ပသန္နော၊
ကြည်ညိုသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ဉ္ဇိ။ သော ကိရပတိကော၊
သည်။ ကမ္မကာရဿ၊ သော။ တဿ ဒလိဒ္ဒဿ၊ အား။ အတ္တာ-
တိရေကံ၊ အတိုင်းထက်အလွန်။ ဝေတနံ၊ ကို။ အဒါသိ၊ ၏။ ။
"အာဝုသော၊ ဒါယကာ။ ဘိက္ခုသံဃော၊ သည်။ မဟာ ဧခေ ၊
များသည်သာတည်း။ ဇာနာဟိ၊ လော့။" ဣတိ၊ ဤသို့။ ဝုတ္တေ၊
မိန့်တော်မူအပ်သည်ရှိသော်။ (ထည့်။) "ဘန္တေ၊ ဘုရား။ ဘိက္ခု
သံဃော၊ သည်။ မဟာ၊ များသည်။ ဟောတု၊ စေ။ မေ မယာ၊
သည်။ ဗဟူ၊ ကုန်သော။ ဗဒရာ၊ ဆီးယိုတို့ကို။ ပဋိယတ္တာ၊ စီရင်
အပ်ကုန်၏။ ဗဒရမိဿေန၊ ဆီးယိုနှင့်ရောသောခဲဖွယ်နှင့်တကွ။
ပေယျာ၊ သောက်ဖွယ်တို့သည်။ ပရိပူရေဿန္တိ၊ ပြည့်ကုန်လတ္တံ့။"
ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ။ ဘိက္ခူ၊ တို့သည်။ "ကမ္မကာရေန၊
သော။ ဒလိဒ္ဒေန၊ သည်။ သွာတနာယ၊ ငှာ။ ဗုဒ္ဓပ္ပမုခေါ၊ သော။
ဘိက္ခုသံဃော၊ ကို။ နိမန္တိတော ကိရ၊ ဖိတ်အပ်သတဲ့။ ဗဒရ
မိဿေန၊ နှင့်တကွ။ ပေယျာ၊ တို့သည်။ ပရိပူရိဿန္တိ ကိရ၊ ပြည့်
လတ္တံ့သတဲ့။" ဣတိ၊ ဤသို့။ အဿောသုံ ခေါ၊ သလျှင်ကတည်း။

တေ ထိုရဟန်းတို့သည်။ ကာလဿေဝ၊ စောစောကသာလျှင်။ ပိဏ္ဍာယ၊ ငှါ။ စရိတွာ ၍။ ဘုတ္တာဝီ°သု၊ ကုန်၏။ (ကာလဿ ပုဒ်ကား စိရဿ–ပုဒ်နှင့် အလားတူ၏။ ပါတောဋ္ဌ ဝါစက–နိပါတ်ပုဒ်တည်း။) တေ၊ ထိုလူတို့သည်။ ကမ္မကာရဿ၊ သော။ ဒလိဒ္ဒဿ၊ သူဆင်းရဲမှို။ ဝါ၊ သူဆင်းရဲ၏။ အတ္ထာယ၊ ငှါ။ (ထည့်။) ပဟူတံ၊ များစွာသော။ ခါဒနီယံ၊ ကို။ ဘောဇနီယံ၊ ကို။ အဘိဟရိ°သု၊ ရှေးရှုဆောင်ကုန်၏။ ဘတ္တဂ္ဂေ၊ ဆွမ်းစားဇရပ်၌။ ဘိက္ခူ၊ တို့ကို။ ပရိဝိသတိ၊ လုပ်ကျွေး၏။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ကုန်၏။ "အာဝုသော၊ ဒါယကာ။ ထောကံ၊ အတန်ငယ်။ ဒေဟိ၊ လော့။ (နှစ်ထပ်။)" ဣတိ၊ သို့။ အာဟံသု၊ ကုန်၏။ ဘန္တေ၊ တို့။ တုမှေ၊ တို့သည်။ အယံ၊ ဤလူကား။ ဒလိဒ္ဒေါ၊ တည်း။ ကမ္မကာရော၊ တည်း။ ဣတိ၊ သို့။ ထောကံ ထောကံ၊ အတန်ငယ် အတန်ငယ်။ မာ ခေါ ပဋိဂ္ဂဏှာထ၊ မခံကြကုန်လင့်။ မေ–မယာ၊ သည်။ ပဟူတံ၊ များစွာသော။ ခါဒနီယံ၊ ကို။ ဘောဇနီယံ၊ ကို။ ပဋိယတ္တံ၊ စီရင်အပ်၏။ ဘန္တေ၊ တို့။ ယာဝဒတ္ထံ၊ တိုင်း။ ပဋိဂ္ဂဏှထ၊ ကုန်လော့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) အာဝုသော၊ ဒါယကာ။ ဧတကာရဏာ၊ ဤအကြောင်းကြောင့်။ ထောကံ ထောကံ၊ အတန်ငယ် အတန်ငယ်။ မယံ၊ တို့သည်။ န ခေါ ပဋိဂ္ဂဏှာမ၊ မခံကုန်။ အပိစ၊ သော်ကား။ မယံ၊ တို့သည်။ ကာလဿေဝ၊ ကသာလျှင်။ ပိဏ္ဍာယ၊ ငှါ။ စရိတွာ၊ ၍။ ဘုတ္တာဝီမှာ၊ ကုန်ပြီ။ တေန၊ ကြောင့်။ မယံ၊ တို့သည်။ ထောကံ ထောကံ၊ ငယ်။ ပဋိဂ္ဂဏှာမ ကုန်၏။ ဣတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ ။"အဟံ၊ သည်။ ယာဝဒတ္ထံ၊ တိုင်း။ ဒါတုံ၊ ငှါ။ န စ ပဋိဗလော၊ မစွမ်းနိုင်သလော။" ဣတိ၊ သို့။ ဥဇ္ဈာယတိ၊ ၏။

၂၂၂။ အာဝုသော၊ ငါ့ရှင်။ အလံ၊ မသင့်။ မေ၊ အား။ ဘတ္တပစ္စာသာ၊ ဆွမ်းရနိုးခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။ တဿ ဘိက္ခုနော၊ ၏။ ပိဏ္ဍပါတော၊ ဆွမ်းကို။ ဥဿူရေ၊ နေမြင့်သည်ရှိသော်။ အာဟရိယိတ္ထ၊ ဆောင်အပ်၏။ သော ဘိက္ခု၊ သည်။ စိတ္တရူပံ၊ စိတ်သဘောရှိတိုင်း။ န ဘုဉ္ဇိ၊ မစား။ ပ။

၂၂၅။ ‘‘သမယာ၊အခါကို။အညတြ၊မှ။ပရမ္ပရဘောဇနေ၊
ပရမ္ပရဘောဇဉ်ကိုစားခြင်းကြောင့်။ ပါစိတ္တိယံ၊ သင့်၏။ တတ္ထ၊
ထိုပရမ္ပရဘောဇဉ်ကိုစားရာ၌။ အယံ ကား။ သမယော၊ တည်း။
ဂိလာနသမယော၊ နာသောအခါ။ စီဝရဒါနသမယော၊သင်္ကန်း
လှူသောအခါ။ စီဝရကာရသမယော၊ သင်္ကန်းချုပ်သောအခါ။
အယံ၊ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ထိုပရမ္ပရဘောဇဉ်ကိုစား
ရာ၌။သမယော၊တည်း။’’ဣတိ၊ဤသို့။ဥဒ္ဒိသေယျာထ စ၊လေကုန်။

၂၂၆။ အထ ခေါ၊ ဉ္စ။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ ၌။
နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍။ ပတ္တစီဝရံ၊ ကို။
အာဒါယ၊၍။ အာယသ္မတာ အာနန္ဒေန၊သည်။ ပစ္ဆာသမဏေန၊
နောက်လိုက်ရဟန်းသည်။ ဟုတွာ၊ ၍။ပ။ အဒံသု၊ လှူကုန်၏။
အာယသ္မာ အာနန္ဒော၊သည်။ ကုက္ကုစ္စာယန္တော၊၍။ န ပဋိဂ္ဂဏှာ
တိ၊မခံ။အာနန္ဒ၊နန္ဒာ။ပဋိဂ္ဂဏှာဟိ၊လော့။ ဣတိ၊သို့။ဝုတ္တော၊သော်။
(သည့်။)ဘဂဝါ၊ဘုရား။အလံ၊မသင့်။မေ၊အကျွန်ုပ်အား။ဘတ္တ
ပစ္စာသာ၊ဆွမ်းရနိုးခြင်းသည်။အတ္ထိ၊၏။ ဣတိ၊ဤသို့။အဝေါစ၊၏။
အနန္ဒ၊ နန္ဒာ။ တေနဟိ၊ ထိုသို့တပြီးကား။ ဝိကပ္ပေတွာ၊ ဝိကပ္ပနာ
ပြု၍။ဂဏှာဟိ၊လော့။ဣတိ၊ဤသို့။အဝေါစ၊၏။ ။ဘိက္ခဝေ၊တို့။
ဝိကပ္ပေတွာ၊၍။ ပရမ္ပရဘောဇနံ၊ကို။ ဘုဉ္ဇိတုံ၊ငှာ။ အနုဇာနာမိ၊
၏။ ဘိက္ခဝေ၊တို့။ ဧဝဉ္စပန၊ဤသို့သာလျှင်။ ဝိကပ္ပေတဗ္ဗံ၊အပ်၏။
‘‘မယှံ၊ငါ၏။ ဘတ္တပစ္စာသံ၊ရနိုးသောထမင်းကို။ ဣတ္ထန္နာမဿ၊
အား။ ဒမ္မိ၊ ၏။’’ ဣတိ၊ ဤသို့။ ဝိကပ္ပေတဗ္ဗံ၊ အပ်၏။

၂၂၇။ ပရမ္ပရဘောဇနံ နာမ၊ ကား။ပ။ ဧတံ၊ ဤဘောဇဉ်
သည်။ ပရမ္ပရဘောဇနံ နာမ၊ မည်၏။ ။ဂိလာနသမယော
နာမ၊ကား။ ဧကာသနေ၊ တစ်ခုတည်းသောနေရာ၌။ နိသိန္နော၊
နေလျက်။ ယာဝဒတ္ထံ၊ တိုင်း။ ဘုဉ္ဇိတုံ၊ ငှာ။ န သက္ကောတိ၊ နိုင်။
‘‘ဂိလာန သမယောတိ၊နာသောအခါဟူ၍။’’ဘုဉ္ဇိ တဗ္ဗံ၊အပ်၏။

၂၂၈။ သမယေ၌။ ဘုဉ္ဇတိ၊၏။ ဝိကပ္ပေတွာ၊၍။ ဘုဉ္ဇတိ၊၏။
ဒွေတယော နိမန္တနေ၊နှစ်ခုသုံးခုသောဖိတ်ခြင်းတို့ကို။ဧကတော၊

တက္ကနက်။ ဘုဉ္ဇတိ၊ ၏။ နိမန္တနပဋိပါဋိယာ၊ ဖိတ်သောအစဉ်ဖြင့်။ ဘုဉ္ဇတိ၊ ၏။ သကလေန၊ အလုံးစုံသော။ ဂါမေန၊ သည်။ နိမန္တိ-တော၊ ဖိတ်အပ်သည်ရှိသော်။ တသ္မိံ ဂါမေ၊ ၌။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောအိမ်၌။ ဘုဉ္ဇတိ၊ ၏။ သကလေန၊ သော။ ပူဂေန၊ အပေါင်းသည်။ နိမန္တိတော၊ သော်။ တသ္မိံ ပူဂေ၊ ၌။ ယတ္ထ ကတ္ထစိ၊ ၌။ ဘိဉ္ဇတိ၊ ၏။ နိမန္တိယမာနော၊ ဘတ်ဖြင့်ဖိတ်အပ်သည်ရှိသော်။ ဘိက္ခံ၊ ကို။ ဂဟေဿာမိ၊ ယူလအံ့။ ဣတိ၊ ဤသို့။ ဘဏတိ၊ ၏။ အနာပတ္တိ၊ မသင့်။

တတိယံ၊ သော။ ပရမ္ပရဘောဇနသိက္ခာပဒံ၊ သည်။

နိဋ္ဌိတံ၊ ပြီး။

## ၄--ကာဏမာတုသိက္ခာပဒ

၂၃၀။ (ယေန သမယေန ဘိက္ခူ။ န မတ္တံ ဇာနိတွာ ပဋိဂ္ဂဏှန္တိ။ ထည့်၊ အနိယမ။) ကာဏမာတာ၊ ကာဏာ၏ အမိဖြစ်သော။ ဥပါသိကာ၊ ဥပါသိကာမသည်။ သဒ္ဓါ၊ ကံ--ကံ၏အကျိုးကို ယုံကြည်သည်။ ပသန္နာ၊ ရတနာသုံးပါး၌ ကြည်ညိုသည်။ ဟော-ဘိ၊ ဖြစ်၏။ ကာဏာ၊ ကာဏာကို။ ဂါမကေ၊ ရွာငယ်၌။ အညတရဿ၊ တစ်စုံတစ်ယောက်သော။ ပုရိသဿ၊ အား။ ဒိန္နာ၊ ပေးအပ်သည်။ ဟောတိ၊ ဖြစ်၏။ အထ ခေါ၊ ၌။ ကာဏာ၊ သည်။ မာတုဃရံ၊ အမိအိမ်သို့။ ကေနစိဒေဝ၊ သော။ ကရဏီယေန၊ ကြောင့်။ အဂမာသိ၊ ၏။ အထ ခေါ၊ ၌။ ကာဏာယ၊ ၏။ သာမိကော၊ လင်သည်။ ကာဏာယ၊ ၏။ သန္တိကေ၊ သို့။ ''ကာဏာ၊ သည်။ အာဂစ္ဆတု၊ စေသတည်း။ ကာဏာယ၊ ၏။ အာဂတံ၊ လာခြင်းကို။ ဣစ္ဆာမိ၊ ၏။'' ဣတိ၊ ဤသို့။ ဒူတံ၊ တမန်ကို။ ပါဟေသိ၊ ၏။ အထ ခေါ၊ ၌။ ကာဏမာတာ၊ သော။ ဥပါသိကာ၊ သည်။ ''ရိတ္တဟတ္ထံ၊ အချည်းနှီးသော လက်ရှိသည်ဖြစ်၍။ ဂန္တုံ၊ ငှာ။ ကိသ္မိံ ဝိယ၊ အသရေပျက် ရှက်ဖွယ်ကဲ့သို့။ ဟောတိ၊ ၏။'' ဣတိ၊ ဤသို့။ ပူဝံ၊ မုန့်ကို။ ပစိ၊

ကြောင်၏။ ပူဝေ၊မုန့်သည်။ ပဏ္ဏ၊ကျက်သည်ရှိသော်။ အညတ
ရော၊သော။ပိဏ္ဍစာရိကော၊ဆွမ်းခံသော။ ဘိက္ခု၊သည်။ကာဏ
မာတာယ၊သော။ ဥပါသိကာယ၊၏။ နိဝေသနံ၊အိမ်သို့။ပါဝိသိ၊
ဝင်၏။ အထ ခေါ၊ဌ။ ကာဏမာတာ၊သော။ ဥပါသိကာ၊သည်။
တဿ ဘိက္ခုနော၊အား။ ပူဝံ၊ကို။ဒါပေသိ၊စေ၏။ သော ဘိက္ခု၊
သည်။နိက္ခမိတွာ၊၍။ အညဿ၊တစ်ပါးသောရဟန်းအား။ အာ-
စိက္ခိ၊၏။ တဿပိ ဘိက္ခုနော၊အားလည်း။ ပူဝံ၊ကို။ဒါပေသိ၊၏။
သော ဘိက္ခု၊သည်။နိက္ခမိတွာ၊၍။ အညဿ၊အား။ အာစိက္ခိ၊၏။
တဿပိ ဘိက္ခုနော၊ အားလည်း။ ပူဝံ၊ ကို။ ဒါပေသိ၊၏။ ယထာ
ပဋိယတ္တံ၊စီရင်တိုင်းသော။ပူဝံ၊မုန့်သည်။ ပရိက္ခယံ၊ကုန်ခြင်းသို့။
အဂမာသိ၊၏။ပ။ "ကာဏာ၊သည်။သစေ နာဂစ္ဆိဿတိ၊အကယ်
၍မလာလတ္တံ့။ အဟံ၊ သည်။ အညံ၊ တစ်ပါးသော။ ပဇာပတိံ၊
မယားကို။အာနေဿာမိ၊ဆောင်လတ္တံ့။"ဣတိ၊၍သို့။ပါဟေသိ၊
၏။ပ။ ကာဏာ၊သည်။ "တေန ပုရိသေန၊သည်။ အညာ၊သော။
ပဇာပတိ၊ကို။အာနီတာ၊ဆောင်အပ်၏။"ဣတိ၊၍သို့။အဿော-
သိ ခေါ၊ လျှင်ကတည်း။ သာ၊ထိုကာဏာသည်။ ရောဒန္တီ၊ငိုသည်
ဖြစ်၍။ အဋ္ဌာသိ၊၏။ "ကိဿ၊အဘယ့်ကြောင့်။ အယံ ကာဏာ၊
သည်။ရောဒတိ၊ငိုသနည်း။" ဣတိ၊၍သို့။အဝေါစ၊၏။ပ။ အည-
တရော၊သော။ သဗ္ဗော၊ကုန်သည်သည်။ ရာဇဂဟာ၊မှ။ပဋိယာ-
လောကံ၊ အနောက်မျက်နှာ အရပ်သို့။ ဂန္တုကာမော၊ သည်။
ဟောတိ၊၏။ တဿ ဘိက္ခုနော၊အား။သတ္တုံ၊မုန့်လုံးကို။ ဒါပေ-
သိ၊ စေ၏။ပ။ ယထာပဋိယတ္တံ၊စီရင်တိုင်းသော။ ပါထေယျံ၊ခရီး
လမ်းစာသည်။ ပရိက္ခယံ၊ကုန်ခြင်းသို့။ အဂမာသိ၊၏။ "အယျာ၊
အမောင်တို့။ အဇ္ဇ၊ယနေ့တစ်ရက်မျှ။ နော၊ငါတို့အား။ အာဂမေ-
ထ၊ စဉ်းငယ်ဆိုင်းတွ ငံ့လင့်ကြဦး။ (အဇ္ဇဈော-ဟူသော ပုဒ်၏
အဆုံးအဖြတ်ကိုအောက်နိဿယ၌ဆိုခဲ့ပြီ။) ယထာပဋိယတ္တံ၊သော။
ပါထေယျံ၊ကို။ အယျာနံ၊အား။ဒိန္နံ၊အပ်ပြီ။ပါထေယျံ၊ကို။ပဋိယာ-
ဒေဿာမိ၊စီရင်အံ့။"ဣတိ၊သို့။အဝေါစ၊၏။"အယျော၊အမောင်။

အာဂမေတုံ၊ ငံ့ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ သစ္ဆော၊
အဖော်ကုန်သည်သည်။ ပယာတော၊ သွားနှင့်ပြီ။” ဣတိ၊ဤသို့။
အာဂမံသု၊ ကုန်၏။ အထ ခေါ၊ ၎။ တဿ ဥပါသကဿ၊ ၏။
ပါထေယျံ၊ကို။ ပဋိယာဒေတွာ၊၍။ ပစ္ဆာ၊နောက်မှ။ ဂစ္ဆန္တဿ၊
သွားစဉ်။ စောရာ၊ တို့သည်။ အစ္ဆိန္ဒိံသု၊ လုယက်ကုန်၏။ “ပ။
မဂ္ဂံ၊အတိုင်းအရှည်ကို။ န ဇာနိတွာ၊မသိကုန်မူ၍။ ပဋိဂ္ဂဟိဿန္တိ
နာမ၊ ခံကုန်ဘိသနည်း။ အယံ၊ ဤကုန်သည်သည်။ ဣမေသံ၊
ဤရဟန်းတို့အား။ ဒတွာ၊ ၍။ ပစ္ဆာ၊ မှ။ ဂစ္ဆန္တော၊ သော်။
စောရေဟိ၊ တို့သည်။ အစ္ဆိန္နော၊ လုယက်အပ်၏။” ဣတိ၊ သို့။
ဥဇ္ဈာယန္တိ၊ကုန်၏။ ။ဘိက္ခဝေ၊တို့။ တေန ဟိ၊ထိုသို့တပြီးကား။
ဘိက္ခုနံ၊ တို့အား။ ဒသ အတ္ထဝသေ၊ ဆယ်ပါးသော အကျိုး
စီးပွားထူးနှင့် စပ်သည်တို့ကို။ ပဋိစ္စ၊ ၍။ သိက္ခာပဒံ၊ ကို။ ပည-
ပေဿာမိ၊ လအံ့။ သံဃသုဋ္ဌုတာယ၊ သံဃာတော်၏ ကောင်း
ပြီဟု ဝန်ခံခြင်းအကျိုးငှာ။ သံဃဖာသုတာယ၊ သံဃာတော်၏
ချမ်းသာခြင်း အကျိုးငှာ။ပ။ ဝိနယာနုဂ္ဂဟာယ၊ ဝိနည်းကို
ချီးမြှောက်ခြင်းငှာ။ ပညပေဿာမိ၊ လအံ့။

၂၃၂။ “ကုလံ၊ ဒါယကာအိမ်သို့။ ဥပဂတံ၊ ကပ်ခသော။
ဘိက္ခုံပနေဝ၊ ရဟန်းကိုသာလျှင်။ ပူဝေဟိ ဝါ၊ အိုးကင်းကြော်
ချက် မုန့်ယှက်တို့ဖြင့်လည်းကောင်း။ မန္ထေဟိ ဝါ၊ မုန့်ကြွက် ။ပြ
တို့ဖြင့်လည်းကောင်း။ *အဘိဟဋ္ဌုံ၊ရှေးရှုဆောင်၍။ ဝါ၊ ဖျုံးရှု
ဆောင်ယူစိမ့်သောငှာ။ ပဝါရေယျ၊ ဖိတ်ကြားအံ့။ အာကင်္ခမာ-
နေန၊ အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ဒွတ္တိပတ္တပူရာ၊ နှစ်လုံး
သုံးလုံးသော သပိတ်ဖြင့် ပြည့်သော မုန့်တို့ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊
အပ်ကုန်၏။ တတော၊ ထို နှစ်လုံး သုံးလုံးသော သပိတ်ဖြင့်ပြည့်
သောမုန့်ထက်။ ဥတ္တရိ၊ အလွန်။ စေ ပဋိဂ္ဂဏှေယျ၊ အကယ်၍
ခံငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။ ဒွတ္တိ-
ပတ္တပူရေ၊သပိတ် နှစ်လုံး သုံးလုံးပြည့်သော မုန့်တို့ကို။ ပဋိဂ္ဂဟေ-
တွာ၊ ခံ၍။ တတော၊ ထိုခံရာအိမ်မှ။ နီဟရိတွာ၊ ထုတ်ဆောင်၍။

* အဘိဟဋ္ဌုံ (ဆဋ္ဌ)

ဘိက္ခုံ ဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကူ၍။ သံဝိဘဇိတဗ္ဗံ၊ အပ်၏။ အယံ၊ ဤသို့ခွဲဝေခြင်းသည်။ တတ္ထ၊ ထိုမုန့်ကိုခံရာ၌။ သာမိစိ၊ တရားအား လျော်သောကျင့်ဝတ်တည်း။'' ဣတိ၊ ဤသို့။ ဥဒ္ဒိဋ္ဌယောဇနာ စ၊ ကုန်။

၂၃၃။ ဥပဂတန္တိ၊ ကား။ တတ္ထ၊ ထိုအမျိုးသို့။ ဥပဂတံ၊ ကပ်သော။ ပူဝံ နာမ၊ ကား။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ပဟေဏကတ္ထာ- ယ၊ လက်ဆောင်အကျိုးငှာ။ ပဋိယတ္တံ၊ စီရင်အပ်သောမုန့်တည်း။ မန္ထံ နာမ၊ ကား။ ယံကိဉ္စိ၊ သော။ ပါထေယျတ္ထာယ၊ ခရီးအကျိုးငှာ ပဋိယတ္တံ၊ တည်း။ ။အတိဟရိံ ပဝါရေယျာတိ၊ ကား။ ကာဝတကံ၊ အကြင်မျှလောက်။ ဣစ္ဆသိ၊ ၏။ တာဝတကံ၊ လောက်။ ဂဏှာဟိ၊ လော့။ ဣတိ၊ သို့။ ပဝါရေယျ၊ အံ့။ (ထည့်။) ဒွတ္တိပတ္တပူရေ၊ သပိတ် နှစ်လုံး,သုံးလုံးပြည့်သောမုန့်တို့ကို။ ပဋိဂ္ဂဟေတွာ၊ ၍။ တတော၊ ထိုအိမ်မှ။ နိက္ခမန္တေန၊ ထွက်သောရဟန်းသည်။ ဘိက္ခုံ၊ ကို။ ပဿိတွာ၊ ၍။ အာစိက္ခိတဗ္ဗံ၊ အပ်၏။ ''အမုတြ၊ ဤအိမ်၌။ မယာ၊ သည်။ ဒွတ္တိပတ္တပူရာ၊ တို့ကို။ ပဋိဂ္ဂဟိတာ၊ ခံအပ်ကုန်ပြီ။ တတ္ထ၊ ထိုအိမ်၌။ မာ ခေါ ပဋိဂ္ဂဏှိ၊ မခံလေလင့်။'' ဣတိ၊ ဤသို့။ အာစိက္ခိ- တဗ္ဗံ၊ အပ်၏။ ပဿိတွာ၊ လျက်။ သစေ န အာစိက္ခတိ၊ အံ့။ ။ အာစိက္ခိတေ၊ လျက်။ သစေ ပဋိဂ္ဂဏှာတိ၊ အံ့။ ။တတော။ပ။ တဗ္ဗန္တိ၊ ကား။ ပဋိက္ကမနံ၊ ဆွမ်းစားဇရပ်သို့။ နီဟရိတွာ၊ ထုတ် ဆောင်၍။ သံဝိဘဇိတဗ္ဗံ၊ ဝေဖန်အပ်၏။ အယံ တတ္ထ၊ သာမီ- စိတိ၊ ကား။ အယံ၊ ဤဝေဖန်ခြင်းသည်။ တတ္ထ၊ ထိုမုန့်ကိုခံရာ၌။ အနုဓမ္မတာ၊ တရားနှင့်လျော်သော အကျင့်တည်း။

၂၃၅။ ဒွတ္တိပတ္တပူရေ၊ တို့ကို။ ပဋိဂ္ဂဏှာတိ၊ ၏။ ဉီနက ဒွတ္တိပတ္တ- ပူရေ၊ နှစ်သပိတ်,သုံးသပိတ်အောက်အယုတ်ပြည့်သောမုန့်တို့ကို။ ပဋိဂ္ဂဏှာတိ၊ ၏။ ပဟေဏကတ္ထာယ၊ လက်ဆောင်အကျိုးငှာ။ န ပဋိယတ္တံ၊ မစီရင်အပ်သောမုန့်ကို။ ပါထေယျတ္ထာယ၊ ခရီးရိက္ခာ လမ်းစာအကျိုးငှာ။ န ပဋိယတ္တံ၊ မစီရင်အပ်သောမုန့်ကို။ ဒေန္တိ၊ ကုန်၏။ ပဟိဏကတ္ထာယ ဝါ၊ ငှာလည်းကောင်း။ ပါထေ- ယျတ္ထာယ ဝါ၊ ငှာလည်းကောင်း။ ပဋိယတ္တသေသကံ၊ စီရင် အပ်သည်မှ ကြွင်းသောမုန့်ကို။ ဒေန္တိ၊ ကုန်၏။ ဂမနေ၊ သည်။

ပဋိပ္ပဿဒ္ဓေ၊ ငြိမ်းသည်ရှိသော်။ ဒေန္တိ၊ ကုန်၏။ ဉာတကာနံ၊ တို့၏။ ပဝါရိတာနံ၊ တို့၏။ အညဿ၊ ၏။ အတ္ထာယ၊ ငှါ။ အတ္တနော၊ ၏။ ဓနေန၊ ဖြင့်။ ပူဝါဒီနိ၊ မုန့်အစရှိသည်တို့ကို။ ပဋိဂ္ဂဏှာတိ၊ ၏။ (ထည့်။) အနာပတ္တိ၊ မသင့်။

စတုတ္ထံ၊ သော။ ကာဏမာတုသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၅—ပဉ္စမပဝါရဏာသိက္ခာပဒ

၂၃၆။ (ယေန သမယေန ဘိက္ခူ ဘုတ္တာဝီ ပဝါရိတာ အညာတြ ဘုဥ္ဇန္တိ။ ထည့်၊ အနိယမ။) ဘိက္ခူ၊ တို့သည်။ ဘုတ္တာဝီ၊ ဆွမ်းစားကုန်စဉ်။ ပဝါရိတာ၊ မြစ်အပ်ကုန်သည်ဖြစ်၍။ ဉာတိကုလာနိ၊ တို့ကို။ ဂန္တွာ၊ ၍။ ဧကစ္စေ၊ တို့သည်။ ဘုဥ္ဇိံသု၊ ကုန်၏။ ဧကစ္စေ၊ တို့သည်။ ပိဏ္ဍပါတံ၊ ကို။ အာဒါယ၊ ၍။ အဂမံသု၊ ကုန်၏။ အထ ခေါ၊ ဌ။ သော ဗြဟ္မဏော၊ သည်။ ပဋိဝိဿကေ၊ အိမ်နီးချင်းတို့ကို။ "အယျာ၊ အမောင်တို့။ မယာ၊ သည်။ ဘိက္ခူ၊ တို့ကို။ သန္တပ္ပိတာ၊ ရောင့်ရဲစေအပ်ကုန်ပြီ။ ဧထ၊ လာကြကုန်။ တုမှေပိ၊ တို့ကိုလည်း။ သန္တပ္ပေဿာမိ၊ စေလအံ့။" ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ တေ၊ ထိုအိမ်နီးချင်းတို့သည်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ကုန်၏။ "အယျော၊ အမောင်။ တွံ၊ သည်။ ကိံ၊ အဘယ်သို့။ အမှေ၊ တို့ကို။ သန္တပ္ပေဿသိ၊ ရောင့်ရဲစေလတ္တံ့နည်း။ ယေပိ ဘိက္ခူ၊ တို့ကိုလည်း။ တယာ၊ သည်။ နိမန္တိတာ၊ ဖိတ်အပ်ကုန်၏။ တေပိ၊ တို့သည်လည်း။ အမှာကံ၊ တို့၏။ ဃရာနိ၊ တို့သို့။ အာဂန္တွာ၊ ကုန်၍။ ဧကစ္စေ၊ တို့သည်။ ဘုဥ္ဇိံသု၊ ကုန်၏။ ဧကစ္စေ၊ တို့သည်။ ပိဏ္ဍပါတံ၊ ကို။ အာဒါယ၊ ၍။ အဂမံသု၊ ကုန်၏။"

၂၃၇။ တေန ခေါ ပန သမယေန၊ ဌ။ ဘိက္ခူ၊ တို့သည်။ ဂိလာနာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့၏။ အတ္ထာယ၊ ငှါ။ (ထည့်။) ပဏီတေ၊ မွန်မြတ်ကုန်သော။ ပိဏ္ဍပါတေ၊ တို့ကို။ နီဟရန္တိ၊ ကုန်၏။ ဂိလာနာ၊ တို့သည်။ စိတ္တရုပ်၊ စိတ်သဘောရှိတိုင်း။ န ဘုဥ္ဇန္တိ၊ မစားကုန်။ တာ၊ ထိုမွန်မြတ်သောဆွမ်းတို့ကို။ (လိင်ပြန်။) ဘိက္ခူ၊

တို့သည်။ ဆဍ္ဍေန္တိ၊ စွန့်ကုန်၏။ (ဆဍ္ဍေန္တိ-၌ မုဒ္ဓဇ ပဉ္စမက္ခရာနှင့်
လည်းသင့်၏။ တတိယအက္ခရာနှင့်လည်းသင့်၏။)ဘဂဝါ၊သည်။
ဥစ္စာသဒ္ဒံ၊ မြင့်သောအသံကို။ မဟာသဒ္ဒံ၊ ကျယ်သောအသံကို။
ကာကောရဝသဒ္ဒံ၊ ကျီးတို့၏ ပြင်းစွာ မြည်သော အသံကို။
အဿောသိ ခေါ်၊တည်း။ သုတွာန၊၍။ အာယသ္မန္တံ အာနန္ဒံ၊ ကို။
အာမန္တေသိ၊၏။ "အာနန္ဒ၊နှာ။ သော ဥစ္စာသဒ္ဒေါ၊သည်။သော
မဟာသဒ္ဒေါ၊ သည်။ သော ကာကောရဝသဒ္ဒေါ၊ သည်။ ကိံ နု
ခေါ၊အဘယ်ပြုသောအသံနည်း။"ဣတိ၊သို့။အာမန္တေသိ၊၏။ ။
အာနန္ဒ၊ နှာ။ ဘိက္ခူ၊တို့သည်။ ဂိလာနာတိရိတ္တံ၊သူနာ၏အလွန်
အကြွင်းကို။ ဘုဉ္ဇေယျုံ ပန၊စားကုန်အံ့သော။ ဣတိ၊သို့။ ပုစ္ဆိတော၊
သော်။ (ထည့်။) ဘဂဝါ၊ ဘုရား။ နဘုဉ္ဇေယျုံ၊ မစားကုန်ရာ။
ဣတိ၊ သို့။ အဝေါစ၊ ၏။ ဘိက္ခဝေ၊ တို့။ ဂိလာနဿ စ၊ ၏လည်း
ကောင်း။ အဂိလာနဿ စ၊၏လည်းကောင်း။ အတိရိတ္တံ၊အလွန်
အကြွင်းကို။ ဘုဉ္ဇိတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။
ဧဝဉ္စ ပန၊၍သို့လျှင်။အတိရိတ္တံ၊ကို။ကာတဗ္ဗံ၊အပ်၏။"ဧတံ သဗ္ဗံ၊
၍အလုံးစုံသည်။ အလံ၊ ငါတန်ပြီ။ ဝါ၊ သင့်အား လျှောက်ပတ်
၏။" ဣတိ၊ သို့။ ကာတဗ္ဗံ၊ အပ်၏။

၂၃၈။ "ယော ပန ဘိက္ခု၊ သည်။ ဘုတ္တာဝီ၊ဆွမ်းစားသည်ရှိ
သော်။ ပဝါရိတော၊ တန်ပြီဟု မြစ်အပ်သည်ဖြစ်၍၊ အနတိရိတ္တံ၊
အတိရိတ်ဝိနည်းကံ မပြုအပ်သော။ ခါဒနီယံ ဝါ၊ ကိုလည်း
ကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ ခဲမူ
လည်းခဲငြားအံ့။ ဘုဉ္ဇေယျ ဝါ၊ ငြားအံ့။ တဿ ဘိက္ခုနော၊
အား။ ပါစိတ္တိယံ၊သင့်၏။" ဣတိ၊၍သို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၃၉။ ဘုတ္တာဝီ နာမ၊ ကား။ ပဉ္စန္နံ ဘောဇနာနံ၊ တို့တွင်။
အညတရံ၊ သော။ ဘောဇနံ၊ ကို။ အန္တမသော၊ အားဖြင့်။
ကုသဂ္ဂေနပိ၊ သမန်းမြက်ဖျားဖြင့်လည်း။ ဘုတ္တံ၊ စားအပ်သည်။
ဟောတိ၊၏။ ။ပဝါရိတော နာမ၊ ကား။ အသနံ၊ စားဆဲသည်။
ပညာယတိ၊ ထင်၏။ ဘောဇနံ၊ သည်။ ပညာယတိ၊ ၏။ ဟတ္ထ-
ပါသေ၊ရဟန်း၏ ဟတ္ထပါသ်၌။ ဌိတော၊ ရပ်၏။ အဘိဟရတိ၊

ရှေးရှုဆောင်၏။ ပဋိက္ခေပေါ်၊ မြစ်ခြင်း ပယ်ခြင်းသည်။ ပညာ-
ယတိ၊ ၏။ ။အနတိရိတ္တံ နာမ၊ ကား။ အကပ္ပိယကတံ၊ မကပ္ပိဘဲ
ပြုအပ်သည်။ ဟောတိ၊ ၏။ အပ္ပဋိဂ္ဂဟိတကတံ၊ အကပ်မခံဘဲ ပြု
အပ်သည်။ ဟောတိ၊ ၏။ အနုစ္စာရိတကတံ၊ မချီမကြွဘဲပြုအပ်
သည်။ဟောတိ၊၏။ အဟတ္ထပါသေ ကတံ၊ဟတ္ထပါသ်၌မတည်ဘဲ
ပြုအပ်သည်။ ဟောတိ၊ ၏။ အဘုတ္တာဝိနာကတံ၊ မစားဘဲပြု
အပ်သည်။ ဟောတိ၊ ၏။ ဘုတ္တာဝိနာ၊ စဉ်။ ပဝါရိတေန၊ မြစ်မိ
သောရဟန်းသည်။ အာသနာ၊ မှ။ ဝုဋ္ဌိတေန၊ ထသောရဟန်း
သည်။ ကတံ၊ အပ်သည်။ ဟောတိ၊ ၏။ "အလမေတံ သဗ္ဗ"န္တိ၊
ဟူ၍။ အဝုတ္တံ၊မဆိုအပ်သည်။ ဟောတိ၊၏။ နဂိလာနာတိရိတ္တံ၊
သူနာ၏အကြွင်းမဟုတ်သည်။ ဟောတိ၊ ၏။ ဧတံ သဗ္ဗံ၊ သည်။
အနတိရိတ္တံ နာမ၊မည်၏။ ။ခါဒနီယံ နာမ၊ကား။ ပဉ္စ ဘောဇ-
နာနိ၊တို့ကိုလည်းကောင်း။ ယာမကာလိကံ၊ ကိုလည်းကောင်း။
သတ္တာဟကာလိကံ၊ ကိုလည်းကောင်း။ ယာဝဇီဝိကံ၊ ကိုလည်း
ကောင်း။ ဌပေတွာ၊ ၍။ အဝသေသံ၊ ကြွင်းသောစားသောက်
ဖွယ်သည်။ ခါဒနီယံ နာမ၊၏။(သမ္ဗန်။)။ (ဤတွင် စာအများတို့
၌ အဝသေသံ ခါဒနီယံ နာမ–ဟု ရှိကြ၏။ ခါဒနီယံ နာမ–ကား
မလို။ အရင်း၌ရှိပြီ။) ဘောဇနီယံ နာမ၊ ကား။ ဘောဇနာနိ၊
တို့သည်။ ဩဒနော၊ ထမင်း။ ကုမ္မာသော၊ မုယော။ သတ္တု၊
မုန့်လုံး။ မစ္ဆော၊ ငါး။ မံသံ၊ အမဲ။ ဣတိ၊ ဤသို့။ ပဉ္စ၊ တို့တည်း။

၂၄၁။ အတိရိတ္တံ၊ကို။ဝိနယဓရေန၊ကို။ (ထည့်၊ကာရိတ်ကံ)
ကာရာပေတွာ၊၍။ ဘုဉ္ဇတိ၊၏။ "အတိရိတ္တံ၊ကို။ကာရာပေတွာ၊
စေ၍။ ဘုဉ္ဇိဿာမိ၊အံ့။" ဣတိ၊သို့။ပဋိဂ္ဂဏှာတိ၊၏။အညဿ၊၏။
အတ္ထာယ၊ငှာ။ဟရန္တော၊သည်ဖြစ်၍။ဂဏှာတိ၊၏။ဂိလာနဿ၊၏။
သေသကံ၊အကြွင်းကို။ဘုဉ္ဇတိ၊ ၏။ယာမကာလိကံ၊ကို။သတ္တာဟ-
ကာလိကံ၊ ကို။ ယာဝဇီဝိကံ၊ ကို။ ပစ္စယေ၊ ဆာလောင်မွတ်သိပ်
ခြင်း အနာဟူသောအကြောင်းသည်။ သတိ၊သော်။ ပရိဘုဉ္ဇတိ၊
၏။ အနာပတ္တိ၊ မသင့်။

ပဉ္စမံ၊ သော။ ပဌမပဝါရဏာသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၆–ဒုတိယပဝါရဏာသိက္ခာပဒ

၂၄၂။ (ယေန သမယေန ဘိက္ခု ဘိက္ခုံ ဘုတ္တာဝိံ ပဝါရိတံ အနတိရိတ္တေန ဘောဇနေန အဘိဟဋ္ဌုံ ပဝါရေတိ။ ထည့်၊ အနိယမ။) ဒွေ ဘိက္ခူ၊ တို့သည်။ ကောသလေသု၊ ကုန်သော။ ဇနပဒေသု၊ တို့၌။ သာဝတ္ထိံ၊ သို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ၊ အခွန့်ရှည်သောခရီးသို့သွားကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧကော ဘိက္ခု၊ သည်။ အနာစာရံ၊ မကျင့်အပ်သောအကျင့်ကို။ အာစရတိ၊ ၏။ ဒုတိယော၊ အဖော်ဖြစ်သော။ ဘိက္ခု၊ သည်။ တံ ဘိက္ခုံ၊ ကို။ “အာဝုသော၊ ရှင်။ ဧဝရူပံ၊ ကို။ မာ အကာသိ၊ မပြုလင့်။ ဧတံ၊ ဤအမှုသည်။ နကပ္ပတိ၊ မအပ်။” ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ သော ဘိက္ခု၊ သည်။ တသ္မိံ၊ ထိုဆုံးမသော ရဟန်း၌။ ဥပနန္ဓိ၊ ရန်ငြိုးဖွဲ့၏။ အထ ခေါ၊ ၌။ တေ ဘိက္ခူ၊ တို့သည်။ သာဝတ္ထိံ၊ သို့။ အဂမံသု၊ ရောက်ကုန်၏။ တေန ခေါ ပန သမယေန၊ ၌။ သာဝတ္ထိယံ၊ ၌။ အညတရဿ၊ သော။ ပူဂဿ၊ ၏။ သံဃဘတ္တံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယော၊ သော။ ဘိက္ခု၊ သည်။ ဘုတ္တာဝီ၊ စားပြီး။ ပဝါရိတော၊ မြစ်မိသည်။ ဟောတိ၊ ၏။ ဥပနန္ဓော၊ ရန်ငြိုးဖွဲ့သော။ ဘိက္ခု၊ သည်။ ဉာတိကုလံ၊ သို့။ ဂန္တွာ၊ ၍။ ပိဏ္ဍပါတံ၊ ကို။ အာဒါယ၊ ၍။ ပ။ “အာဝုသော၊ ရှင်။ ဘုဉ္ဇာဟိ၊ လော့။” ဣတိ၊ သို့။ အဝေါစ၊ ၏။ အာဝုသော၊ ရှင်။ အလံ၊ တန်ပြီ။ ပရိပုဏ္ဏော၊ ပြည့်သည်။ အမှိ၊ ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ ရှင်။ ပိဏ္ဍပါတော၊ သည်။ သုန္ဒရော၊ ကောင်း၏။ ဘုဉ္ဇာဟိ၊ လော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ တေန ဘိက္ခုနာ၊ သည်။ နိပ္ပီဠိယမာနော၊ နှိပ်အပ်သည်ရှိသော်။ တံ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိ၊ ၏။ ဥပနန္ဓော၊ ရန်ငြိုးဖွဲ့သော။ ပ။ အဝေါစ၊ ၏။ “အာဝုသော၊ ရှင်။ တွံပိ၊ သင်မျှသောသူသည်လည်း။ မံ၊ ကို။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏ဟူ၍။ မညသိ နာမ၊ မှတ်ထင်ဘိ၏။ ယံ တွံ၊ မည်မည်ဝါးဝါး အယုတ်အားဖြင့်။ ဘုတ္တာဝီ၊ ဆွမ်းစားစဉ်။ ပဝါရိတော၊ မြစ်အပ်သော။ တွံ၊ သည်။ (ထည့်။) အနတိရိတ္တံ၊ သော။ ဘောဇနံ၊ စားအပ်သော

ဘောဇဉ်ကို။ ဘုဉ်းသိ၊ စားဘိ၏။'' ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အာဝုသော၊ ရှင်။ အာစိက္ခိတဗ္ဗံ နနု၊ ကြားအပ်သည် မဟုတ်တုံ လော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) အာဝုသော၊ ရှင်။ ပုစ္ဆိတဗ္ဗံ နနု၊ လော။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။

၂၄၃။ ''ယော ပန ဘိက္ခု၊ သည်။ ဘုတ္တာဝီ၊ ဆွမ်းစားစဉ်။ ပဝါရိတံ၊ သော။ ဘိက္ခုံ၊ ကို။ အနတိရိတ္တေန၊ အတိရိတ်ဝိနည်းကံ မပြုအပ်သော။ ခါဒနီယေန ဝါ၊ ဖြင့်လည်းကောင်း။ ဘောဇနီယေန ဝါ၊ ဖြင့်လည်းကောင်း။ အဘိဟဋ္ဌုံ၊ ရှေးရှုဆောင်စိမ့်သောငှာ။ ဝါ၊ ရှေးရှုဆောင်ယူ၍။ ပဝါရေယျ၊ ဖြားအံ့။ ''ဘိက္ခု၊ ရဟန်း။ ဟန္ဒ၊ ယခု။ ခါဒ ဝါ၊ ခဲမှုလည်းခဲလော့။ ဘုဉ္ဇ ဝါ၊ လော့။'' ဣတိ၊ ဤသို့။ ဇာနံ—ဇာနန္တော၊ လျက်။ အာသာဒနာပေက္ခော၊ အရှိန်အစော်မဲ့ကို အလိုရှိသည်ဖြစ်၍။ ပဝါရေယျ၊ ဖြားအံ့။ ဘုတ္တသ္မိံ၊ စားသည်ရှိသော်။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၄၄။ အာသာဒနာပေက္ခောတိ၊ ကား။ ''ဣမိနာ၊ ဤဝတ္ထု ဖြင့်။ ဣမံ၊ ဤရဟန်းကို။ စောဒေဿာမိ၊ စောဒနာလအံ့။ သာရေဿာမိ၊ အောက်မေ့စေလအံ့။ ပဋိစောဒေဿာမိ၊ လအံ့။ ပဋိသာရေဿာမိ၊ လအံ့။ မင်္ကုံ၊ အရှိန်အစော်မဲ့ကို။ ကရိဿာမိ၊ လအံ့။'' ဣတိ၊ ဤသို့။ အဘိဟရတိ၊ ၏။ တဿ ဘိက္ခုနော၊ ၏။ ဝစနေန၊ ဖြင့်။ ခါဒိဿာမိ၊ လအံ့။ ဘုဉ္ဇိဿာမိ၊ လအံ့။ ဣတိ၊ ဤသို့။ ပဋိဂ္ဂဏှာတိ၊ ၏။

၂၄၆။ အတိရိတ္တံ၊ ကို။ ကာရာပေတွာ၊ စေ၍။ ဒေတိ၊ ၏။ အနာပတ္တိ၊ မသင့်။

ဆဋ္ဌံ၊ သော။ ဒုတိယပဝါရဏာသိက္ခာပဒံ၊ သည်။
နိဋ္ဌိတံ၊ ပြီ။

## ၇—ဝိကာလဘောဇနသိက္ခာပဒ

၂၄၇။ (ယေန သမယေန သတ္တရသဝဂ္ဂိယာ ဘိက္ခူ ဝိကာလေ ဘောဇနံ ဘုဉ္ဇန္တိ။ ထည့်။ အနိယမ။) ရာဇဂဟေ၊ ၌။ ဂိရဂ္ဂ-

သမန္တာ၊ တောင်၌မြတ်သောသဘင်သည်။ ဝါ၊ တောင်ထိပ် သဘင်သည်။ ဟောတိ၊ ၏။ သတ္တရသဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဂိရဂ္ဂသမဇ္ဇံ၊ ကို။ ဒဿနာယ၊ ရှုခြင်းငှာ။ အဂ-မံသု၊ ကုန်၏။ မနုဿာ၊ တို့သည်။ သတ္တရသဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ပဿိတွာ၊ ၍။ နဟာပေတွာ၊ ရေချိုးစေ၍။ ဝိလိမ္ပေတွာ၊ လိမ်းကျံ၍။ ဘောဇေတွာ၊ ၍။ ခါဒနီယံ၊ ကို။ အဒံသု၊ ကုန်၏။ သတ္တရသဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ခါဒနီယံ၊ ကို။ အာဒါယ၊ ၍။ အာရာမံ၊ သို့။ ဂန္တွာ၊ ၍။ ဆဗ္ဗဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ ''အာဝုသော၊ တို့။ ဂဏှထ၊ ယူကြကုန်လော့။ ခါဒနီယံ၊ ကို။ ခါဒထ၊ ခဲကြကုန်လော့။'' ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ အာဝုသော၊ တို့။ တုမှေဟိ၊ တို့သည်။ ကုတော၊ အဘယ်မှ။ ခါဒနီယံ၊ ကို။ လဒ္ဓံ၊ ရအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆေ၊ သော်။ (ထည့်။) သတ္တရသ-ဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဆဗ္ဗဂ္ဂိယာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်၏။ အာဝုသော၊ တို့။ တုမှေ၊ တို့သည်။ ဝိကာလေ၊ နေလွဲသော အခါ၌။ ဘောဇနံ၊ ကို။ ဘုဉ္ဇထ ကိံ ပန၊ စားကြကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆေ၊ သော်။ (ထည့်။) အာဝုသော၊ တို့။ ဧဝံ၊ အေး—စားကြကုန်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ပ။

၂၄၈။ ''ယော ပန ဘိက္ခု၊ သည်။ ဝိကာလေ၊ နေလွဲသော အခါ၌။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ ခဲမူလည်းခဲငြားအံ့။ ဘုဉ္ဇေယျ ဝါ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၄၉။ ဝိကာလော နာမ၊ ကား။ မဇ္ဈန္ဟိကေ၊ မွန်းတည့်အခါ သည်။ ဝီတိဝတ္တေ၊ လွန်သည်ရှိသော်။ ယာဝ အရုဏုဂ္ဂမနာ၊ အရုဏ် တက်သည်တိုင်အောင်။ ဝိကာလော နာမ၊ မည်၏။ (သမ္ဗန်)။ပ။

၂၅၁။ ယာမကာလိကံ၊ ကို။ ပ။ ပရိဘုဉ္ဇတိ၊ ၏။ အနာပတ္တိ၊ မသင့်။ သတ္တမံ၊ သော။ ဝိကာလဘောဇနသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီး။

## ၈—သန္ဓိမိကာရကသိက္ခာပုဒ်

၂၅၂။ ယေန သမယေန အာယသ္မာ ဗေလဋ္ဌသီသော
သန္နိမိကာရကံ ဘောဇနံ ဘုဉ္ဇတိ။(ထည့်၊ အနိယမ။) အာယသ္မ-
တော အာနန္ဒဿ၊ ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဖြစ်သော။
အာယသ္မာ ဗေလဋ္ဌသီသော၊အရှင်ဗေလဋ္ဌသီသသည်။အရညေ၊
၌။ ဝိဟရတိ၊ ၏။ သော၊ ထိုဗေလဋ္ဌသီသသည်။ ပိဏ္ဍာယ၊ ငှာ။
စရိတွာ၊၍။ သုက္ခကုရံ၊ စားမဲ့ဟင်းလျာမလှော်က်ခြောက်သော
ထမင်းကို။ အာရာမံ၊ သို့။ အာဟရိတွာ၊ ၍။ သုက္ခာပေတွာ၊
ခြောက်စေ၍။ နိက္ခိပတိ၊ထား၏။ ယဒါ၊ ၌။ အာဟာရေန၊ဖြင့်။
အတ္ထော၊အလိုရှိသည်။ ဟောတိ၊၏။ တဒါ၊ ၌။ ဥဒကေန၊ ဖြင့်။
တေမေတွာ တေမေတွာ၊ ဆွတ်၍ ဆွတ်၍။ ဘုဉ္ဇတိ၊ ၏။ စိရေန၊
ကြာမြင့်မှ။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှာ။ ပဝိသတိ၊ ၏။ ဘိက္ခူ၊
တို့သည်။ အာယသ္မန္တံ ဗေလဋ္ဌသီသံ၊ ကို။ ဧတံ၊ ကို။ အဝေါစုံ၊
ကုန်၏။ "အာဝုသော၊ရှင်။ကိဿ၊ကြောင့်။ တွံ၊သည်။စိရေန၊မှ။
ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှာ။ ပဝိသသိ၊ ဝင်သနည်း။" ဣတိ၊ ဤသို့။
အဝေါစုံ၊ ကုန်၏။ အထ ခေါ၊ ၌။ပ။ အာရောစေသိ၊ ၏။
အာဝုသော၊ ရှင်။ ကိံ၊ အသို့နည်း။ တွံ၊ သည်။ သန္နိမိကာရကံ၊
သိုမှီးခြင်းကိုပြု၍။ ဘောဇနံ၊ ကို။ ဘုဉ္ဇသိ ပန၊ စားသလော။
ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ (ထည့်။) အာဝုသော၊ တို့။ ဒံ၊
အေး-စား၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။

၂၅၃။ "ယော ပန ဘိက္ခု၊သည်။ သန္နိမိကာရကံ၊သိုမှီးခြင်း
ကိုပြု၍။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊
ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ အံ့။ ဘုဉ္ဇေယျ ဝါ၊ အံ့။
တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။" ဣတိ၊ ဤသို့။
ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၅၄။ သန္နိမိကာရကံ နာမ၊ကား။ အဇ္ဇ၊ယနေ့။ ပဋိဂ္ဂဟိတံ၊
အကပ်ခံအပ်သောခဲဖွယ်ဘောဇဉ်ကို။ အပရဇ္ဇု၊ တစ်ပါးသော
နေ့၌။ ခါဒိတံ၊ အပ်သည်။ ဟောတိ၊ ၏။

၂၅၆။ ယာဝကာလိကံ၊ ကို။ ကာလေ၊ နံနက်အခါ၌။ နိဒ-
ဟိတွာ၊ သိုမှီး၍။ ဘုဉ္ဇတိ၊ ၏။ ယာမကာလိကံ၊ ကို။ ယာမေ၊

ယာ်၌။ နိဒဟိတွာ၊ ၍။ ဘုဥ္ဇတိ၊ ၏။ သတ္တာဟကာလိကံ၊ ကို။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိဒဟိတွာ၊ ၍။ ဘုဥ္ဇတိ၊ ၏။ ယာဝဇီဝိကံ၊ ကို။ ပစ္စယေ၊ အနာဟူသော အကြောင်းသည်၊ သတိ၊ သော်။ ဘုဥ္ဇတိ၊ ၏။ အနာပတ္တိ၊ မသင့်။

အဋ္ဌမံ၊ သော။ သန္နိဓိကာရကသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၉—ပဏီတဘောဇနသိက္ခာပဒ

၂၅၇။ (ယောန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ပဏီတ-ဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဥ္ဇန္တိ။ ကသ္မိံ၊ အနိယမ။) ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ပဏီတ-ဘောဇနာနိ၊ မွန်မြတ်သော ဘောဇဉ်တို့ကို။ အတ္တနော၊ ၏။ အတ္ထာယ၊ ငှာ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဥ္ဇန္တိ၊ ကုန်၏။ ။ ''ကဿ၊အဘယ်သူအား။ ဝါ၊ သည်။ သမ္ပန္နံ၊ ချိုမြိန်ကောင်းမြတ်သော အရသာကို။ န မနာပံ၊ မနှစ်သက်အပ်သနည်း။ ကဿ၊ အား။ဝါ၊သည်။သာဒုံ၊သာယာအပ်သောအရသာကို။ န ရုစ္စတိ၊ မနှစ်သက်အပ်သနည်း။'' ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။

၂၅၉။ ''ယာနိ ခေါ ပန တာနိ ပဏီတဘောဇနာနိ၊ အကြင် မွန်မြတ်သော ဘောဇဉ်တို့သည်။ သန္တိ၊ ကုန်၏။ ဣဒံ-ဣမာနိ ပဏီတဘောဇနာနိ၊ တို့သည်။ သေယျထာ-ကတမာနိ၊ တို့နည်း။ သပ္ပိ၊ထောပတ်။ နဝနီတံ၊ဆီဉ။ တေလံ၊ဆီ။ မဓု၊ပျား။ ဖာဏိတံ၊ တင်လဲ။ မစ္ဆော၊ငါး။ မံသံ၊အမဲ။ ခီရံ၊နို့ရည်။ ဒဓိ၊နို့မည်း။ ဣတိ ဣမာနိ၊ ဤသည်တို့ဟည်း။ ယော ပန ဘိက္ခု၊ သည်။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ ပဏီတဘောဇနာနိ၊ မွန်မြတ်သော ဘောဇဉ်တို့ကို။ အတ္တနော၊ ၏။ အတ္ထာယ၊ ငှာ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဥ္ဇေယျ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ၊ ကုန်။

၂၆၀။ ဂိလာနပုစ္ဆကာ၊သူနာမေးဖြစ်ကုန်သော။ဘိက္ခူ၊တို့သည်။ ဂိလာနေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ။ယာနိ ခေါ ပန တာနိ ပဏီတဘောဇနာနီတိ ဧတ္ထ၊ ဟူသော ပါဌ်၌။ သပ္ပိနာမ၊

ကား။ ဂေါသပ္ပိ ဝါ၊ နွားထောပတ်သည်လည်းကောင်း။ အဇိကာသပ္ပိ ဝါ၊ ဆိတ်ထောပတ်သည် လည်းကောင်း။ မဟိံသသပ္ပိ ဝါ၊ ကျွဲထောပတ်သည် လည်းကောင်း။ ယေသံ၊ အကြင်သတ္တဝါတို့၏။ မံသံ၊ အသားသည်။ ကပ္ပတိ၊ ၏။ တေသံ၊ ထိုသတ္တဝါတို့၏။ သပ္ပိ၊ သည်။ သပ္ပိ နာမ၊ မည်၏။(သမ္ဗန်)။ ။နဝနီတံ နာမ၊ ကား။ တေသညေဝ၊ ထိုအသားအပ်သော သတ္တဝါတို့၏သာလျှင်။ နဝနီတံ၊ တည်း။ တေလံ နာမ၊ ကား။ တိလတေလံ၊ နှမ်းဆီ၊ သာသပတေလံ၊ မုန်ညင်းဆီ။ မဓုကတေလံ၊ သစ်မည်စည်ဆီ။ ဧရဏ္ဍတေလံ၊ ကြက်ဆူဆီ။ ဝသာတေလံ၊ သားဆီ။ ။မဓု နာမ၊ ကား။ မက္ခိကာမဓု၊ ပျားငယ်သည်ပြုအပ်သောပျားတည်း။ ဖာဏိတံ နာမ၊ ကား။ ဥစ္ဆုမှာ၊ ကြံမှ။ နိဗ္ဗတ္တံ၊ ဖြစ်သည်တည်း။ ။မဇ္ဈော နာမ၊ ကား။ ဥဒကစရော၊ ရေ၌ ကျက်စားသောသတ္တဝါကို။ ဝုစ္စတိ၊ ၏။ ။မံသံ နာမ၊ ကား။ ယေသံ၊ အကြင်သတ္တဝါတို့၏။ မံသံ၊ သည်။ ကပ္ပတိ၊ ၏။ တေသံ၊ တို့၏။ မံသံ၊ အသားတည်း။ ။ခီရံ နာမ၊ ကား။ ဂေါခီရံ ဝါ၊ နွားနို့ရည်သည်လည်းကောင်း။ အဇိကာခီရံ ဝါ၊ သည်လည်းကောင်း။ မဟိံသခီရံ ဝါ၊ ကျွဲနို့ရည်လည်းကောင်းတည်း။ ယေသံ၊ တို့၏။ မံသံ၊ သည်။ ကပ္ပတိ၊ ၏။ တေသံ၊ တို့၏။ ခီရံ၊ သည်။ ခီရံ နာမ၊ မည်၏။(သမ္ဗန်။) ဒဓိ နာမ၊ ကား။ တေသညေဝ၊ ထို အသားအပ်သော သတ္တဝါတို့၏သာလျှင်။ ဒဓိ၊ နို့မ်းတည်း။ ။အဂိလာနော နာမ၊ ကား။ ယဿ၊ အကြင်ရဟန်းအား။ ပဏီတဘောဇနာနိ၊ တို့ကို။ ဝိနာ၊ ၍။ ဖာသု၊ ချမ်းသာသည်။ ဟောတိ၊ ၏။ သော ဘိက္ခု၊ သည်။ အဂိလာနော နာမ၊ မည်၏။(သမ္ဗန်)။ ။ဂိလာနော နာမ၊ ကား။ ယဿ၊ အား။ ပဏီတဘောဇနာနိ၊ တို့ကို။ ဝိနာ၊ ၍။ ဖာသု၊ သည်။ န ဟောတိ၊ မဖြစ်။ သော ဘိက္ခု၊ သည်။ ဂိလာနော နာမ၊ မည်၏။ (သမ္ဗန်။)

၂၆၂။ ဂိလာနဿ၊ အား။ အနာပတ္တိ၊ မသင့်။ ဂိလာနော၊ သည်။ ဟုတွာ၊ ၍။ ဝိညာပေတွာ၊ ၍။ အဂိလာနော၊ မနာဘဲ။ ဘုဉ္ဇတိ၊ ၏။ ဂိလာနဿ၊ ၏။ သေသကံ၊ ကို။ ဘုဉ္ဇတိ၊ ၏။ ဉာတကာနံ၊ တို့ကို။

ပဝါရိတာနံ၊တို့ကို။ အညာသ၊၏။ အတ္တာယ၊ငှာ။ အတ္တနော၊၏၊ မနေန၊ဖြင့်။ ဝိညာပေတွာ၊ ၍။ ဘုဉ္ဇတိ၊၏။ အနာပတ္တိ၊ မသင့်။

နဝမံ၊ သော။ ပဏီတဘောဇနသိက္ခာပဒံ၊ သည်။
နိဋ္ဌိတံ၊ ပြီ။

## ၁၀-ဒန္တပေါဏသိက္ခာပဒ

၂၆၃။ (ယေန သမယေန ဘိက္ခု၊ အဒိန္နံ မုခဒွါရံ အာဟာရံ အာဟရတိ။ ထည့်၊ အနိယမ။) အညတရော၊ သော။ ဘိက္ခု၊ သည်။ သဗ္ဗပံသုကူလိကော၊ အလုံးစုံ ပံ့သကူရှိသည်ဖြစ်၍။ သုသာနေ၊ သူကောင်တို့၏ အိပ်ရာ သုသာန်၌။ ဝိဟရတိ၊ ၏။ (ဆဝါနံ သယနံ သုသာနံ သယနေ ဆဝဿသု၊ ယဿ လောပေါ၊ သဿရောဒိဿံ-ဟူသော သဒ္ဒနီတိသုတ်ဖြင့်ပြီးစေ။) သော ဘိက္ခု၊ သည်။ မနုဿာ၊ တို့သည်။ ဒိယျမာနံ၊ ပေးအပ်သည်ကို။ ပဋိဂ္ဂဟေတုံ၊ ငှာ။ န ဣစ္ဆတိ၊ အလိုမရှိ။ သုသာနေပိ၊ ၌လည်းကောင်း။ ရုက္ခမူလေပိ၊ ၌လည်းကောင်း။ ဥမ္မာရေပိ၊ တံခါးခုံ၌လည်းကောင်း။ အယျဝေါသာဋိတကာနိ၊ သေလွန်သော အဖ, အဘိုးတို့၏ အကျိုးငှာ စွန့်ပစ်အပ်သော ခဲဖွယ်ဘောဇဉ်တို့ကို။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ ၍။ ဘုဉ္ဇတိ၊ ၏။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ထေရော၊ တစ်ခဲနက်အသွေးအသားပွား၏။ ဝဋ္ဋရော၊ ဆူဖြိုးကြီးဝ၏။ မနုဿမံသံ၊ လူသားကို။ ခါဒတိ မညေ၊ စားယောင်တကား။” ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ “ကထံ ဟိ၊ အဘယ့်ကြောင့်လျှင်။ ဘိက္ခု၊ သည်။ အဒိန္နံ၊ သူတစ်ပါး မပေးအပ်သော။ အာဟာရံ၊ ကို။ မုခဒွါရံ၊ ခံတွင်းဝသို့။ အာဟရိဿတိ နာမ၊ ဆောင်ဘိသနည်း။” ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ။ ဘိက္ခဝေ၊ တို့။ ဥဒကဒန္တပေါနံ၊ ရေ, ဒန်ပူကို။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ ၍။ ဘုဉ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှာ။ အနုဇာနာမိ၊ ၏။

၂၆၄။ “ယော ပန ဘိက္ခု၊ သည်။ အဒိန္နံ၊ မပေးမကပ်ဘဲ။ မုခဒွါရံ၊ ခံတွင်းဝသို့။ အာဟာရံ၊ ကို။ ဥဒကဒန္တပေါနာ၊ ရေ, ဒန်ပူကို။

အညတြ၊ ၍။ အာဟာရေ ယျ၊ ဆောင်ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ သင့်၏။'' ဣတိ၊ ဤသို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်၏။

၂၆၆။ အဒိန္နံ နာမ၊ ကား။ အပ္ပဋိဂ္ဂဟိတကံ၊ အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်ကို။ ဝုစ္စတိ၊ အပ်၏။ ။ဒိန္နံ နာမ၊ ကား။ ကာယေန ဝါ၊ ဖြင့်လည်းကောင်း။ ကာယပဋိဗဒ္ဓေန ဝါ၊ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်လည်းကောင်း။ နိဿဂ္ဂိယေန ဝါ၊ လွှတ်လိုက် ပစ်လိုက်သော ဝတ္ထုဖြင့် လည်းကောင်း။ ဒေန္တေ၊ ပေးသည်ရှိ သော်။ ဟတ္ထပါသေ၊ ပေးသူ ခံသူတို့၏ ဟတ္ထပါသ်၌။ ဌိတော၊ ရပ်လျက်။ ကာယေန ဝါ၊ ဖြင့်လည်းကောင်း။ ကာယပဋိဗဒ္ဓေန ဝါ၊ ဖြင့်လည်းကောင်း။ ပဋိဂ္ဂဏှာတိ၊ ၏။ ဧတံ၊ ဤခဲဖွယ်ဘောဇဉ် သည်။ ဒိန္နံ နာမ၊ မည်၏။ အာဟာရော နာမ၊ ကား။ ဥဒကဒန္တပေါ- ဏံ၊ ကို။ ဌပေတွာ၊ ၍။ ယံကိဉ္စိ၊ သော။ အဇ္ဈောဟရဏီယံ၊ မျိုအပ် သော ဝတ္ထုတည်း။ ဧသော သဗ္ဗော၊ ဤအလုံးစုံသည်။ အာဟာ- ရော နာမ၊ မည်၏။

၂၆၇။ ဥဒကဒန္တပေါနေ၊ ရေ, ဒန်ပူတို့ကို။ ဝဇ္ဇေတွာ၊ ကုန် သော။ မဟာဝိကဋာနိ၊ ကျင်ကြီး, ကျင်ငယ်, ပြာ, မြေညက်—ဟု ဆိုအပ်သော ဆေးကြီးတို့ကို။ ပစ္စယေ၊ မြွေခဲ့ခြင်း ဟူသော အကြောင်းသည်။ သတိ၊ သော်။ ကပ္ပိယကာရကေ၊ သည်။ အသ- တိ၊ မရှိခဲ့သော်။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ ၍။ ပရိဘုဉ္ဇတိ၊ ၏။ အနာပတ္တိ၊ မသင့်။

ဒသမံ၊ သော။ ဒန္တပေါဏသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။
စတုတ္ထော၊ သော။ ဘောဇနဝဂ္ဂေါ၊ သည်။
နိဋ္ဌိတော၊ ပြီ။

တဿ၊ ထိုဘောဇနဝဂ်၏။ ဥဒ္ဒါနံ၊ ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ပိဏ္ဍော၊ အာဝသထပိဏ္ဍ သိက္ခာပုဒ်။ ဂဏံ၊ ဂဏဘောဇန သိက္ခာပုဒ်။ ပရံ ပူဝံ၊ ပရမ္ပရဘောဇန သိက္ခာပုဒ်, ပူဝ သိက္ခာပုဒ်။ ဒွေ စ ဝုတ္တာ ပဝါရဏာ၊ နှစ်ပါးသော စားစဉ်

မြစ်မိသော သိက္ခာပုဒ်တို့။ ဓိကာလေ၊ ဝိကာလဘောဇနေ သိက္ခာပုဒ်။ သန္နိဓိ၊ သန္နိဓိကာရ သိက္ခာပုဒ်။ ခိရံ၊ နို့ရည်နှင့်ရောသော ပဏီတဘောဇန သိက္ခာပုဒ်။ ဒန္တပေါနေန၊ ဒန္တပေါန သိက္ခာပုဒ်နှင့်တကွ။ ဧတေ၊ ထိုသိက္ခာပုဒ်တို့သည်။ ဒသ၊ တို့တည်း။ ဣတိ၊ ဤသည်လျှင် ဥဒ္ဒါန်းတည်း။

## ၅-အစေလကဝဂ္ဂ
## ၁-အစေလကသိက္ခာပဒ

၂၆၉။ (ယေန သမယေန ဘိက္ခူ အစေလကဿ ဝါ ပရိဗ္ဗာဇကဿ ဝါ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ ဒဒန္တိ။ ထည့်၊ အနိယမ။) သံဃဿ၊ အား။ ခါဒနီယံ၊ သည်။ ဥဿန္နံ၊ များသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ဣ။ပ။ အာရောစေသိ၊ ၏။ အာနန္ဒ၊ န္ဒာ။ တေနဟိ၊ ထိုသို့တပြီးကား။ ဝိဃာသာဒါနံ၊ စားကြွင်း စားတို့အား။ ပူဝံ၊ မုန့်ကို။ ဒေဟိ၊ လော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ "ဘန္တေ၊ဘုရား။ဧဝံ၊အေး ကောင်းပြီ။" ဣတိခေါ၊ ဤသို့လျှင်။ အာယသ္မာ အာနန္ဒော။ သည်။ ဘဂဝတော၊ ၏။ ဝစနံ၊ ကို။ (ထည့်။) ပဋိဿုဏိတွာ၊ ၍။ ဝိဃာသာဒေ၊ တို့ကို။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ နိသီဒါပေတွာ၊ စေ၍။ ဧကေကံ၊ တစ်ခုစီတစ်ခုစီ။ပူဝံ၊ကို။ ဒေန္တော၊ပေးသည်ရှိသော်။အညတရိဿာ၊သော။ပရိဗ္ဗာဇိကာယ၊ ပရိဗိုဇ်မအား။ဧကံ အညမာနေ၊ တစ်ယုက်ဟု မှတ်ထင်သည်ဖြစ်၍။ ဒွေ ပူဝေ၊ တို့ကို။ အဒါသိ၊ ၏။ သာမန္တာ၊ အနီးဖြစ်ကုန်သော။ ပရိဗ္ဗာဇိကာယော၊ တို့သည်။ တံ ပရိဗ္ဗာဇိကံ၊ကို။ "ဇသော သမဏော၊ဤရဟန်းသည်။တေ၊၏။ ဇာရော၊ သယောက်လင်တည်း။" ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ကို။ အဝေါစုံ၊ကုန်၏။ ဇသော သမဏော၊သည်။ မေ၊၏။န ဇာရော၊ သယောက်လင်မဟုတ်။ ဧကံ မညမာနေ၊ ၍။ ဒွေ ပူဝေ၊ တို့ကို။ အဒါသိ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်။) "ဇာရော၊ သယောက်သင်တည်း။န ဇာရော၊မဟုတ်။" ဣတိ၊ဤသို့။ဘဏ္ဍိသုံ၊ ငြင်းခုံကုန်၏။ပ။ အညတရောပိ၊လည်းဖြစ်သော။အာဇီဝကော၊

သည်။ပရိဝေသနံ၊သို့။အဂမာသိ၊၏။ အညတရော၊သော။ဘိက္ခု၊
သည်။ ပဟူတေန၊ များစွာသော။ အပ္ပိနာ၊ ဖြင့်။ ဩဒနံ၊ ကို။
မဒ္ဒိတွာ၊ နယ်၍။ တဿ အာဇီဝကဿ၊ အား။ မဟန္တံ၊ ကြီးစွာ
သော။ ပိဏ္ဍံ၊အခဲကို။ အဒါသိ၊၏။အထ ခေါ၊၌။ပ။ အဝေါစ၊၏။
"အာဝုသော။ငါ့ရှင်။တယာ၊သည်။ကုတော၊မှ။ပိဏ္ဍော၊ထမင်း
ခဲကို။လဒ္ဓေါ၊ရအပ်သနည်း။" ဣတိ၊ ဤသို့။အဝေါစ၊၏။အာဝု–
သော၊ ငါ့ရှင်။ မုဏ္ဍဂဟပတိကဿ၊ ဦးပြည်းသူကြွယ်ဖြစ်သော။
တဿ သမဏဿ ဂေါတမဿ၊ ထိုရဟန်းဂေါတမ၏။ ပရိဝေ
သနာယ၊မှ။ လဒ္ဓေါ၊အပ်၏။ ဣတိ၊ဤသို့။ အဝေါစ၊၏။(သမ္ဗန်။)
ဣမံ ကထာသလ္လာပံ၊ ဤစကား ပြောဟောခြင်းကို။ "ဘန္တေ၊
ဘုရား။ ဣမေ တိတ္ထိယာ၊ တို့သည်။ ဗုဒ္ဓဿ၊ ၏။ အဝဏ္ဏကာမာ၊
ကျေးဇူးမဲ့ကိုအလိုရှိကုန်၏။ ။ဘန္တေ၊ ဘုရား။ သာဓု၊ကောင်း
ပန်ပါကုန်၏။ အယျာ၊တို့သည်။တိတ္ထိယာနံ၊တို့အား။သဟတ္ထာ၊
မိမိလက်ဖြင့်။ န ဒဒေယျုံ၊ မပေးပါစေကုန်လင့်။" ဣတိ၊ ဤသို့။
အဝေါစုံ၊ ကုန်၏။ပ။

၂၇၀။ "ယော ပန ဘိက္ခု၊ သည်။ အစေလကဿ ဂါ၊ အဝတ်
မဝတ်သော တက္ကတွန်းအား လည်းကောင်း။ ပရိဗ္ဗဇကဿ ဝါ၊
ပရိဗိုဇ်ယောကျ်ားအား လည်းကောင်း။ ပရိဗ္ဗာဇိကာယ ဝါ။
မအားလည်းကောင်း။ သဟတ္ထာ၊ ဖြင့်။ ခါဒနီယံ ဝါ၊ ကိုလည်း
ကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ဒဒေယျ၊ ပေး
ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊ သင့်၏။" ဣတိ၊
ဤသို့။ ဥဒ္ဒိသေယျာထ၊ ကုန်။

၂၇၁။ အစေလကော နာမ၊ကား။ယော ကောစိ၊အမှတ်မရှိ
သော။ပရိဗ္ဗာဇကသမာပန္နော၊ပရိဗိုဇ်၏အဖြစ်သို့ရောက်သော။
နဂ္ဂေါ၊ အချည်းစည်းသောသူတည်း။

၂၇၂။ ဒါပေတိ၊ ပေးစေ၏။ နဒေတိ၊မပေး။ ဥပနိက္ခိပိတွာ၊
အနီး၌ချထား၍။ ဒေတိ၊ ၏။ ဗာဟိရလေပံ၊ ဝမ်းမှအပကိုယ်၌
လိမ်းကျံသောဝတ္ထု၊ကို။ ဒေတိ၊ ၏။ အနာပတ္တိ၊ မသင့်။

ပဌမံ၊ သော။ အစေလကသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီး။

## ၂—ဥယျောဇနသိက္ခာပဒ

၂၇၄။ (ယေန သမယေန အာယသ္မာ ဥပနန္ဒော သကျ-ပုတ္တော ဘိက္ခုံ ဧဝမာဟ ဂါမံ ပိဏ္ဍာယ ပဝိသိဿာမာတိ တဿ အဒါပေတွာ ဥယျောဇေတိ။ ထည့်၊ အနိယမ။) "အာဝု-သော၊ ငါ့ရှင်။ ဧဟိ၊ လာလှည့်။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှာ။ ပဝိ-သိဿာမ၊ ဝင်ကုန်လအံ့။" ဣတိ၊ ဤသို့ဆို၍။ တဿ၊ ထိုရဟန်းအား။ အဒါပေတွာ၊ မပေးစေမူ၍။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ "အာဝုသော၊ ငါ့ရှင်။ ဂစ္ဆ၊ သွားလေတော့။ မေ၊ အား။ တယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ ကထာ ဝါ၊ စကားပြောဟောခြင်းသည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ နေခြင်းသည်လည်းကောင်း။ ဖာသု၊ ချမ်းသာသည်။ န ဟောတိ၊ မဖြစ်။ ဧကကဿ၊ တစ်ယောက်အထီးတည်းသော။ မေ၊ အား။ ကထာ ဝါ၊ သည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ သည်လည်းကောင်း။ ဖာသု၊ သည်။ ဟောတိ၊ ၏။" ဣတိ၊ သို့။ အဝေါစ၊ ၏။ အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ ကာလေ၊ မွန်းတည့်သောအခါသည်။ ဥပကဋ္ဌေ၊ နီးသတ်သည် ရှိသော်။ ပိဏ္ဍာယ၊ ငှာ။ စရိတုံ၊ ငှာ။ နာသက္ခိ၊ မတတ်နိုင်။ ပဋိက္ကမနေပိ၊ ဆွမ်းစားဇရပ်၌လည်း။ ဘတ္တဝိဿဂ္ဂံ၊ ဆွမ်းစားခြင်းကိစ္စကို။ န သမ္ဘာ-ဝေသိ၊ မမီ။ ဆိန္နဘတ္တော၊ ပြတ်သောဆွမ်းရှိသည်။ ဟောတိ၊ ၏။ပ။

၂၇၅။ "ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုံ၊ ကို။ အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလှည့်။ ဂါမံ ဝါ၊ သို့လည်းကောင်း။ နိဂမံ ဝါ၊ သို့လည်းကောင်း။ ပိဏ္ဍာယ၊ ငှာ။ ပဝိသိဿာမ၊ ဝင်ကုန်လအံ့။" ဣတိ၊ ဤသို့ဆို၍။ တဿ၊ ထိုရဟန်းအား။ ဒါပေတွာ ဝါ၊ ပေးစေ၍လည်းကောင်း။ အဒါပေတွာ ဝါ၊ မပေးစေမူ၍လည်းကောင်း။ "အာဝု-သော၊ ငါ့ရှင်။ ဂစ္ဆ၊ သွားလေတော့။ မေ၊ အား။ တယာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ကထာ ဝါ၊ စကားပြောဟောခြင်းသည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ နေခြင်းသည်လည်းကောင်း။ ဖာသု၊ သည်။ န ဟောတိ၊ မဖြစ်။ ဧကကဿ၊ တစ်ယောက်အထီးတည်း။ မေ၊ အား။ ကထာ ဝါ၊ သည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ သည်လည်း

ကောင်း။ ဖာသု၊ သည်။ ဟောတိ၊ ၏။'' ဣတိ၊ ဤသို့။ တေဒေဝ၊ ထိုအကြောင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အကြောင်းတစ်ပါး မရှိဘဲ။ ဥယျောဇေယျ၊ လွှတ်လိုက်ငြားအံ့။ တဿ ဘိက္ခုနော၊အား။ပါစိတ္တိယံ၊သင့်၏။'' ဣတိ၊သို့။ ဥဒ္ဒိသေယျာထ စ၊ ကုန်။

၂၇၆။ ဘိက္ခုန္တိ၊ကား။အညံ၊မိမိမှတစ်ပါးသော။ဘိက္ခုံ၊ကို။ ယောဝုသော၊ ဂါမံဝါ နိဂမံဝါတိကား။ ဂါမောပိ၊ သည်လည်းကောင်း။ နိဂမောပိ၊ သည်လည်းကောင်း။ နဂရမ္ပိ၊ သည်လည်းကောင်း။ ဂါမော စေဝ၊လည်းမည်၏။ နိဂမော စ၊လည်မည်၏။ ။တဿ ဒါပေတွာတိ၊ ကား။ ယာဂုံ ဝါ၊ ကိုသည်းကောင်း။ ဘတ္တံ ဝါ၊ ကိုလည်းကောင်း။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ဒါပေတွာ၊၍။ ။ အဒါပေတွာတိ၊ကား။ကိဉ္စိ၊တစ်စုံတစ်ခုကို။ န ဒါပေတွာ၊မပေးစေမူ၍။ ။ဥယျောဇေယျာတိ၊ကား။ မာတုဂါမေန၊နှင့်။ သဒ္ဓိံ၊ကွ။ ဟသိတုကာမော၊ ရွှင်လိုသည်ဖြစ်၍။ ကီဠိတုကာမော၊ ကစားလိုသည်ဖြစ်၍။ ရဟော၊ ဆိတ်ကွယ်ရာ၌။ နိသီဒိတုကာ-မော၊ ၍။ အနာစာရံ၊မကျင့်အပ်သည်ကို။ အာစရိတုကာမော၊ ကျင့်လိုသည်ဖြစ်၍။ ဧဝံ၊ ဤသို့။ ဝဒေတိ၊ ၏။ပ။ ဒဿနူပစာ-ရံ ဝါ၊ ဒဿနူပစာရကို လည်းကောင်း။ သာနူပစာရံ၊ ငံ၊ ကိုလည်းကောင်း။ ဝိဇဟန္တဿ၊ စွန့်သည်ရှိသော်။ပ။ တေဒေဝ ပစ္စယံ ကရိတွာ အနညန္တိ၊ ကား။ အညော၊ မာတုဂါမနှင့် ရယ်မြူးခြင်းမှတစ်ပါးသော။ ကောစိ၊တစ်စုံတစ်ခုသော။ ပစ္စယော၊ သည်။ ဥယျောဇေတုံ၊ လွှတ်လိုက်ခြင်းငှာ။ န ဟောတိ၊မဖြစ်။ ။ ကာလိသာသနံ၊ အမျက်တည်းဟူသော အာဏာအဆုံးအမသို့။ အာရောပေတိ၊ ၏။

၂၇၇။ ''ဥဘော၊ နှစ်ယောက်သော ရဟန်းတို့သည်။ ဧက-တော၊တကွနက်။ န ယာပေဿာမ၊မမျှကုန်လအံ့။'' ဣတိ၊ သို့။ ဥယျောဇေတိ၊ ၏။ ''မဟန္တံ၊ အဖိုးများစွာ ထိုက်သော၊ ဘဏ္ဍံ၊ ကို။ ပဿိတွာ၊ ၍။ လောဘဓမ္မံ၊ လောဘတရားကို။ ဥပ္ပါဒေသာ-

တိ၊စေလအံ့။'' ဣတိ၊ သို့။ ဥယျောဇေတိ၊ ၏။ ''မာတုဂါမံ၊ ကို။ ပယိတွာ၊ ၍။ အနဘိရတိံ၊ သာသနာတော်၌မမွေ့လျော်ခြင်းကို။ ဥပ္ပါဒေဿတိ၊စေလအံ့။'' ဣတိ၊ ဤသို့။ ဥယျောဇေတိ၊ ၏။ ''ဂိလာနဿ ဝါ၊ အားလည်းကောင်း။ ဩဟိယျကဿ ဝါ၊ ကျန်ရစ်သော ရဟန်းအားလည်းကောင်း။ ဝိဟာရပါလဿ ဝါ၊ ကျောင်းစောင့်အား လည်းကောင်း။ ယာဂုံ ဝါ၊ ကိုလည်းကောင်း။ ဘတ္တံ ဝါ၊ ကိုလည်းကောင်း။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ နီဟရ၊ ဆောင်လေလော့။'' ဣတိ၊ဤသို့။ ဥယျောဇေတိ၊ ၏။ အနာစာရံ၊ ကို။ န အာစရိတုကာမော၊ မကျင့်လိုဘဲ။ ကရဏီယေ၊ သည်။ သတိ၊ သော်။ ဥယျောဇေတိ၊ ၏။ အနာပတ္တိ၊ မသင့်။

ဒုတိယံ၊ သော။ ဥယျောဇနသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၃—သဘောဇနသိက္ခာပဒ

